# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စဇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၃၆)


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုချိ၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ် သီလွမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၄

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင်ဂုဏ်ထူးဆောင် ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်

ဆိုးလ် နိုဝင်ဘာ ၂၄

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ ၂၀၂၇ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ကျင်းပသွားမည့် Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင် ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံ (Official Guest Country of Honor)အဖြစ် ရွေးချယ်ကြောင်း ပြပွဲကျင်းပရေးအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာသံရုံး ဆိုးလ်မြို့သို့ တရားဝင်အကြောင်းကြားလာကြောင်း အဆိုပါသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❑

### ယနေ့ ဖတ်စရာ


**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူစီးပွားတိုးတက်စေမည့် သားရွှေအိုးထမ်း ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်** ဆောင်းပါး စာ ၁၀

**တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် ယနေ့ လပြည့်နေ့ည အပြီးသတ်ယှဉ်ပြိုင်** ပြည်တွင်းသတင်း စာ ၁၂

**၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ လူဆင်းသက်နိုင်ရေး တရုတ်နိုင်ငံက ဆက်လက်ကြိုးပမ်းနေ** နိုင်ငံတကာသတင်း စာ ၁၄

**ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များကို ရင်ဆိုင်နိုင်သော စိုက်ပျိုးရေးစနစ်တစ်ခု တည်ဆောက်ခြင်း** ဆောင်းပါး စာ ၁၆


### ယနေ့ မိုးလေဝသ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ကျိုင်းတုံမြို့နယ် ဝမ်ဆာကျေးရွာကို လူထုအခြေပြု ခရီးသွားလုပ်ငန်း အထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့မည်

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်၌ လူထုအခြေပြု ခရီးသွားလုပ်ငန်းအထောက်အကူပြု ကျေးရွာ ၁၈ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ကျိုင်းတုံမြို့နယ်ရှိ ဝမ်ဆာကျေးရွာကို လူထုအခြေပြု ခရီးသွားလုပ်ငန်းအထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ○



ရှမ်းပြည်နယ်၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာ အင်းလေးကန်ပတ်ဝန်းကျင်ဒေသကို တွေ့ရစဉ်။




## ၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင် ဆောင်ရွက်စေရေး။

## ၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

## တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၄-၁၂-၂၀၂၆)

## ၂၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၆၄၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၁ | ၃၈၃၀ | ၃၉၁၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၃၀၀ | ၃၉၂၀ | ၄၀၆၀ | ၄၀၁၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၃၀ |
| 95 Ron | ၃၈၈၀ | ၄၀၃၅ | ၃၉၈၅ | ၃၈၉၅ | ၄၀၆၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၆၅ | ၄၃၃၅ | ၄၃၆၅ | ၃၉၈၅ | ၄၁၁၀ | ၄၀၈၀ | ၄၀၃၅ | ၄၀၄၅ | ၄၂၇၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၇၅ | ၄၁၈၀ | ၄၃၀၅ | ၄၂၀၁ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၇၅ | ၄၈၆၅ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၄၀ | ၅၀၉၅ | ၅၀၄၅ | ၅၀၅၅ | ၅၂၀၀ | ၅၂၁၅ | ၅၂၄၀ | ၅၁၂၅ | ၅၆၅၅ | ၅၀၄၅ | ၅၀၄၅ | ၅၃၄၀ | ၅၃၃၀ | ၅၂၄၀ | ၅၂၈၅ | ၅၄၃၅ |
| HSD (10 ppm) | ၅၀၄၀ | ၅၀၉၅ | ၅၀၄၅ | ၅၀၅၅ | ၅၂၀၀ | ၅၂၁၅ | ၅၂၄၀ | ၅၁၂၅ | | ၅၅၂၅ | ၅၀၄၅ | ၅၃၄၀ | ၅၃၃၀ | ၅၂၄၀ | ၅၂၈၅ | ၅၄၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၁၃ | ၃၇၁၉ |
| 95 Ron | ၃၆၇၈ | ၃၇၈၅ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၁ | ၄၉၂၇ |
| HSD (10 ppm) | ၄၈၀၁ | ၄၉၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အွန်လိုင်းလိမ်လည် လောင်းကစားမှုများ တိုက်ဖျက်ရာတွင် နိုးကြားတက်ကြွစွာပါဝင်

ကမ္ဘာတစ်ဝန်း ရာဇဝတ်မှုခင်းကျူးလွန်မှုများတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများမှာ ဝင်ငွေအကောင်းဆုံးရရှိကြသည့် ရာဇဝတ်မှုများဖြစ်ကြသည်။ ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာအရ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုက ဝင်ငွေအများဆုံးဖြစ်နေဆဲဖြစ်သော်လည်း အရှေ့တောင်အာရှဒေသတွင်း၌မူ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ၏ ဝင်ငွေက မူးယစ်ဆေးဝါးစျေးကွက်ကို ကျော်တက်သွားပြီဖြစ်သည်ဟု သိရသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ ၂၀၂၆ ခုနှစ် အစီရင်ခံစာနှင့် နိုင်ငံတကာသုတေသနအချက်အလက်များအရ ၂၀၂၅ ခုနှစ်အတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ ဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံခန်းကျင်ရှိပြီး အရှေ့တောင်အာရှဒေသတွင်း ဆုံးရှုံးမှုမှာ ဒေါ်လာ ၈၈ ဒသမ ၃ ဘီလီယံမှ ၁၁၄ ဒသမ ၁ ဘီလီယံခန့်အထိ ရှိသည်ဟု ခန့်မှန်းထားကြသည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုမှာ တန်ဖိုးအားဖြင့် ကမ္ဘာလုံးဆိုင်ရာပမာဏ ဒေါ်လာ ၆၃၀ ဘီလီယံမှ ၉၄၅ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားပြီး အရှေ့တောင်အာရှဒေသတွင်း ရောင်းဝယ်မှုမှာ ဒေါ်လာ ၇၅ ဘီလီယံမှ ၁၀၉ ဒသမ ၇ ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားကြသည်။ လူကုန်ကူးမှုသည် အရှေ့တောင်အာရှဒေသတွင် အွန်လိုင်းငွေလိမ်လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာသည်။

အရှေ့အာရှနှင့် အရှေ့တောင်အာရှ ဩစတြေးလျနှင့် နယူးဇီလန်တို့ရှိ သားကောင်များထံမှ အွန်လိုင်းငွေလိမ်လုပ်ငန်းများကြောင့် ဆုံးရှုံးမှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၁၈ ဘီလီယံမှ ၃၇ ဘီလီယံကြားရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၁၁၄ ဒသမ ၁ ဘီလီယံအထိခုန်တက်သွားပြီး ရွှေကြိုဂံဒေသ မူးယစ်ဆေးဝါး စျေးကွက် တန်ဖိုးထက် ကျော်လွန်သွားခဲ့သည်ဟုဆိုသည်။ လေ့လာချက်တစ်ရပ်အရ မဲခေါင်ဒေသစီးပွားရေးနှင့် နိုင်းယှဉ်ပါက မဲခေါင်သုံးနိုင်ငံဖြစ်သော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများအတွင်းရှိနေသည့် ဆိုက်ဘာငွေလိမ်လုပ်ငန်းများမှ ရရှိသည့်ဝင်ငွေသည် အဆိုပါ သုံးနိုင်ငံပေါင်း တရားဝင် ဂျီဒီပီ၏ ၄၀ ရာခိုင်နှုန်းနှင့်ညီမျှနေသည်ဟုလည်း သိရသည်။

လူကုန်ကူးမှုသည် အွန်လိုင်းငွေလိမ်ဂိုဏ်းများနှင့် ပေါင်းစပ်သွားရာ ၂၀၂၁ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ငွေလိမ်လုပ်ငန်းများသို့ လူကုန်ကူးခံရသူ ၇၄ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှသို့ ပို့ဆောင်ခံခဲ့ရခြင်းဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုသည် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် နှိုင်းယှဉ်ပါက ခက်ခဲမှုမရှိဘဲ ကုန်ကျစရိတ်နည်းပြီး အဖြတ်များသဖြင့် အင်တာနက်နှင့် ခရစ်ပ်တိုငွေကြေး (Cryptocurrency) တို့ကို အသုံးပြုကာ တစ်ကမ္ဘာလုံးသို့ အချိန်တိုအတွင်း လိမ်လည်နိုင်သည့်အတွက် ဒုစရိုက်ဂိုဏ်းများက အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားဘက်သို့ ကူးပြောင်းလာကြသည်။

နိုင်ငံတော်အစိုးရသည် မိမိပြည်သူများကိုသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လုံမွှစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အလွမ်းဝေးသည့် နယ်စပ်ဒေသများမှာရော ပြည်တွင်း၌ပါ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်လျက်ရှိသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များဖြစ်သော မရမ်းကုန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုင်းကိုင်မြို့နယ် လုံစံကျေးရွာအနီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောင်းသိမ်မြို့နယ် ခိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီးတို့တွင် လည်းကောင်း တရုတ်နိုင်ငံသားများ၊ ထိုင်းနိုင်ငံသားများ၊ မြန်မာနိုင်ငံသားများပါဝင်သည့် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ကိုင်သူများသည် ပြည်ပမှ တရားမဝင်သောနည်းလမ်းဖြင့် ခိုးဝင်လာကာ နယ်စွန်နယ်ဖျားဒေသများတွင် ယာယီလူနေတဲ့များ၊ လုပ်ငန်းသုံးတဲ့များ ဆောက်လုပ်၍လည်းကောင်း၊ မြို့ပေါ်တွင်တိုက်ခန်းများ၊ တိုက်အိမ်များ၊ ကွန်ဒိုများတွင်လည်းကောင်းနေထိုင်ကာ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မိမိမြေပေါ်တွင် ခိုးဝင်လာရောက်လုပ်ကိုင်ကြသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများကြောင့် နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာတို့ ညှိုးနွမ်းထိခိုက်နေရသည်။ မိမိနိုင်ငံသားများအပါအဝင် အိမ်နီးချင်း၊ ဒေသတွင်းနှင့် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများမှ နိုင်ငံသားများမှာ အွန်လိုင်းလိမ်လည်မှုများ၏ သားကောင်၊ လူကုန်ကူးမှုများ၏ သားကောင်ဘဝသို့ကျရောက်ကြရပြီး လူမှုစီးပွားဘဝများ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြရသည့်အလျောက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူတစ်ရပ်လုံးကလည်း နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်တိုက်ဖျက်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ.ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၅၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၄၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၂၂၂၊ ၀၆၇-၃၆၁၄၄၅၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၄၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက နမောတဿ အစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠို၊ ပရိတ်၊ မေတ္တာပို့လက်ံများကို ရွတ်ဆိုပွားများ ပူဇော်ကြစဉ်။

◆ *ရှေ့ဖုံးမှ*

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်**

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး “ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် သာသနာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကိုယ်စားပြုရက်ကန်းစင်တော်များမှ ရက်လုပ်ပူဇော်ထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြစဉ်။



သာသနာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုရက်ကန်းစင်တော်များမှ ရက်လုပ်ပူဇော်ထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြစဉ်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကိုဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ် သီလွမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်ကပ်ပူဇော်သည်။

**ရွတ်ဆိုပွားများ ပူဇော်**

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက နမောတဿ အစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠို၊ ပရိတ်၊ မေတ္တာပို့လက်ံများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကြပြီး သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် နိုင်ငံအဝန်း အမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်**
- **မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် နိုင်ငံအဝန်း အမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြခြင်း**

# ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အတူ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီးဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရိန္ဒနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ရောက်ရှိကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် သံတမန်များက ဆီမီးများအတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သင်္ခါဓိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နွှတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်း မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြိုးမီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်ကိုယ်စားပြု တောင်ဇလပ်ရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ညမီးကြိုး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညီစော မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဒဂုံရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညမီးကြိုး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံလွှတ်တင်မှုအား ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

ထင်နေသော် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံတမန်များနှင့်အတူ မီးပုံးပျံငယ်များကို အတူတကွ လွှတ်တင်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ အောင်မြင်မှုအထိမ်းအမှတ် အဖြစ် HAPPY TAZAUNGDAING Diplomatic CORPS စာတန်း ရေးထိုးချိတ်ဆွဲထားရှိသည့် စိန်နားပန်မီးပုံးပျံအား နိုင်ငံတကာသံတမန်များက မီးပုံးပျံအမွှဲသားများနှင့်အတူ ဝေဟင်ထက်သို့လှုပစွာ ဖြင့် ဂုဏ်ပြုလွှတ်တင်ကြသည်။

ထိုနောက် ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စု ရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးတို့က ညမီးကြိုး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု၊ စက္ခုပဿဒ အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှု အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက်စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ချုပ်ရိုးချုပ်သား အကောင်းဆုံးဆုရရှိသည့် အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက ညမီးကြိုး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရိုက မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင်

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၌ ဆီမီးများထွန်းညှိပူဇော်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်၌ နိုင်ငံတကာသံတမန်များ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ညမီးကြီး(ညမီးကျည်) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် မှိုင်းခံစံချိန် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက် ရက်လုပ်ထားသောသင်္ကန်းအထည်သားတည်ဆောက်မှုအကောင်းဆုံးဆုရရှိသည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက် ချုပ်ရိုးချုပ်သားအကောင်းဆုံးဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် မီးပုံးပျံအတက်အကောင်းဆုံးဆုရရှိသည့် ပညာရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ မှ*

အဖွဲ့လိုက် ရက်ကန်းစင်ကိုင်တွယ် ရက်လုပ်မှုအကောင်းဆုံးဆုရရှိသည့်အသင်းတို့အား လည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအားလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောက ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဒဂုံ ရက်ကန်းစင်တော်အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်သမ္မတက ညမီးကြီး(ညမီးကျည်) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်ကိုယ်စားပြု တောင်ဇလပ် ရက်ကန်းစင်အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ခင်မင်ရင်းနှီးစွာနှုတ်ဆက်**

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။ *စာမျက်နှာ ၇ သို့*

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုရစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စင်တော်အမည် | ဆုအမျိုးအစား |
|---|---|---|---|
| ၁ | ချင်း | တောင်ဇလပ် | ပထမဆု |
| ၂ | ရန်ကုန် | တော်ဝင်ဒဂုံ | ဒုတိယဆု |
| ၃ | ပဲခူး | ရှင်စောပု | တတိယဆု |
| ၄ | နေပြည်တော် | တော်ဝင်ရွှေပြည် | အဖွဲ့လိုက်ရက်ကန်းစင်ကိုင်တွယ်ရက်လုပ်မှု အကောင်းဆုံးဆု |
| ၅ | ရခိုင် | ပိုးဝါသူ | အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှု အကောင်းဆုံးဆု |
| ၆ | မန္တလေး | အမရရွှေပြည် | အဖွဲ့လိုက်ချုပ်ရိုးချုပ်သားအကောင်းဆုံးဆု |
| ၇ | မကွေး | စိန်ရတီ | အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု |
| ၈ | ကရင် | ဇွဲကပင် | အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု |
| ၉ | ဧရာဝတီ | ရွှေပြည်ဧရာ | အဖွဲ့လိုက်သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု |
| ၁၀ | ကချင် | မနောမြေ | အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု |

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ (စိန်နားပန်မီးပုံးပျံ) ဆုရစာရင်း**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | မီးပုံးပျံအမည် | ဆုအမျိုးအစား |
|---|---|---|---|
| ၁။ | ဥပဒေရေးရာဝန်ကြီးဌာန | မိုလာ | ပထမ |
| ၂။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | လူကယ်ပြန် | ဒုတိယ |
| ၃။ | ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | စွဲမက်ဖွယ်ရာ ပြည်မြန်မာ | တတိယ |
| ၄။ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ပြည်ထောင်စု တိုင်းရင်းသား | မှိုင်းခံစံချိန်အကောင်းဆုံးဆု |
| ၅။ | အားကစားရေးရာဝန်ကြီးဌာန | ပြည့်ဂုဏ်ဆောင် | မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု |
| ၆။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အာသာဝတီ | အတက်စံချိန်အကောင်းဆုံးဆု |
| ၇။ | ပညာရေးဝန်ကြီးဌာန | မြတ်ပညာ | မီးပုံးပျံအတက်အကောင်းဆုံးဆု |
| ၈။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | မေဘရဏီ | ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု |
| ၉။ | ကျန်းမာရေးဝန်ကြီးဌာန | အာရောဂျံ | စက္ခုပသာဒအကောင်းဆုံးဆု |
| ၁၀။ | နိုင်ငံခြားရေးဝန်ကြီးဌာန | သားကောင်းတမန် | စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု |



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ {ညမီးကြိုး(ညမီးကျည်)} ဆုရရှာရင်း

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | မီးပုံးပျံအမည် | ဆုအမျိုးအစား |
|---|---|---|---|
| ၁။ | နယ်စပ်ရေးရာဝန်ကြီးဌာန | သာယာရွှေပြည် | ပထမ |
| ၂။ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | လမင်းထိန်သာ ပြည်မြန်မာ | ဒုတိယ |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားအားမာန် မိုးထက်ယံ | တတိယ |
| ၄။ | ကာကွယ်ရေးဝန်ကြီးဌာန | အောင်တံခွန် | မှိုင်းခံစံချိန်အကောင်းဆုံးဆု |
| ၅။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ပဘာဝတီ | မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု |
| ၆။ | ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မြန်မာမောင် | အတက်စံချိန်အကောင်းဆုံးဆု |
| ၇။ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ပြည်လုံးချမ်းသာ | မီးပုံးပျံအတက်အကောင်းဆုံးဆု |
| ၈။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဝိသကြံ | ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု |
| ၉။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | စိမ်းလန်းမြေ | စက္ခုပသာဒအကောင်းဆုံးဆု |
| ၁၀။ | စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | စက်မှုအားမာန် | စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်ပွဲတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂိဏသိရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်တွင် ကျင်းပပြုလုပ်လျက်ရှိသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော် မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှူညမီးကြိုးနှင့် စိန်နားပန် မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသက်နံ့ ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုရန် တန်ဆောင်တိုင်မီးထွန်းပွဲတော်များပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၄** တန်ဆောင်မုန်းလသည် လောကတစ်ခွင် ကြည်လင်ထွန်းပပြီး ဥတုသပ္ပာယမျှတသည့် မွေ့လျော်ဖွယ်ကောင်းသော လဖြစ်ပြီး ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ၏ ကောင်းမြတ်သော ယဉ်ကျေးမှု အစဉ်အလာကောင်းများဖြစ်သော ကထိန်သင်္ကန်း စုပေါင်းဆက်ကပ် လှူဒါန်းခြင်း၊ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတန်ဆောင်များ ထွန်းညှိပူဇော်ခြင်း စသည့် ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသော လမြတ်မင်္ဂလာ အချိန်အခါကောင်းဖြစ်သည်။

တန်ဆောင်မုန်း လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမျူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော် ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ် လည်းဖြစ်ရာ အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါန သီလဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်း၊ မြတ်စွာဘုရားအား ရည်မှန်း၍ ဘုရား၊ စေတီပုထိုးများ၊ နေအိမ်များ၌ ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၌လည်း ယနေ့ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးက္ခ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး(၁၀၀၀) ထွန်းညှိ ပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်း၌ လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမြင်ဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ ဒဂ္ဂိဏသိရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အပါအဝင် ဘုရား၊ စေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော် မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက တန်ဆောင်မုန်းလပြည့် အခါသမယ ဆီမီးများကပ်လှူပူဇော်၍ ဖူးမြော် ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယုကြပြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်များ ပြုလုပ်ခြင်း၊ မီးပုံးများ လွှတ်တင်ခြင်း၊ စွေးရောင်းပွဲတော်များ၊ နီဗွာနံစွေးပွဲတော်များ၌ လည်ပတ်ကြည့်ရှုခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲကြသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့် အညီ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက် အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ အများပြည်သူများ အနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။

## မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်းဇာ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပပြီးစီး

## အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကုသိုလ်ယူတစ်ခဲနက်ပါဝင်ဆင်နွဲကြသဖြင့် ကြက်ပျံမကျစည်ကား



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်၊ ဇာတ်သဘင်နှင့် တေးဂီတဖျော်ဖြေရေးပွဲတို့ကို ယနေ့ တန်ဆောင်မုန်းလပြည့် ပွဲတော်တတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်အတွင်းနှင့် ဗုဒ္ဓ ဥယျာဉ်တော်မြောက်ဘက် ဝတ္တုကံမြေပေါ်ရှိ သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူ တစ်ခဲနက်ပါဝင်ဆင်နွဲကြသဖြင့် ကြက်ပျံမကျ စည်ကားခဲ့သည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကြီး၏ နောက်ဆုံးနေ့ ဖြစ်သည်နှင့်အညီ နံနက်ပိုင်းမှ စတင်၍ ဘုရားကြီးသို့လာရာ လမ်းတစ်လျှောက်နှင့် မုခ်ဦး အပြင်ဘက်ရှိ ကားရပ်နားဝင်းများ၌ နေပြည်တော်ဒေသခံများ သာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၏ မော်တော်ယာဉ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကားများပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက် သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက် လမ်းကြောင်းများတွင် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုကုသိုလ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့၌ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဘုရားရင်ပြင်တော်သို့ အဆင်ပြေလွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေးအတွက်လည်း ဝီးချဲလ်များနှင့် မော်တော်ယာဉ်ငယ်များဖြင့် စေတနာထား စီစဉ်ပို့ဆောင်ပေးလျက်ရှိပြီး ပွဲတော်အတွင်း ဆီမီးထွန်းညှိပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင် ပူဇော်ယှဉ်ပြိုင်ကြမည့်နေရာများ၊ ဈေးပွဲတော်နှင့် ဖျော်ဖြေရေးနေရာများသို့ အလွယ်တကူ သွားလာလေ့လာနိုင်ရန် လမ်းညွှန်ပြသ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် ဘုရားဖူးလာပြည်သူများအနေဖြင့် ကြည်နူးအေးချမ်းစွာ တပျော်တပါး ပါဝင်ဆင်နွဲလျက်ရှိကြသည်။

ထို့နောက် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော် အတွင်းသို့ ဝင်ရောက်သည့် ဂိတ်အဝင်ဝလျှောက်လမ်းတစ်လျှောက်တွင် နီယွန်ရောင်စုံအလှမီးများ လှပဝေဆာစွာ ဆင်ယင်ထွန်းညှိထားသည့် မြင်ကွင်းကို ဦးစွာကြည့်ရှုခံစားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော် မေတ္တာပို့သခြင်းတို့တွင် စုပေါင်းကုသိုလ်ယူပါဝင်ဆင်နွဲခဲ့ကြသဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဆီမီးရောင်စုံများ ထိန်ထိန်ညီး လင်းလက်တောက်ပနေသည့် မြင်ကွင်းနှင့်အတူ တရားမမ္မအသံများ ပျံ့လွင့်ထုံမွမ်းလျက်ရှိရာ ဘုရားဖူးလာပြည်သူအပေါင်းတို့အား ကြည်ညိုသဒ္ဓါတရားနှင့် ကုသိုလ်စိတ်များ တဖွားဖွားတိုးပွားဖြစ်ပေါ်စေခဲ့သည်။

ပွဲတော်ကြီး၏ ဆွဲဆောင်မှုအရှိဆုံး အထူးအစီအစဉ်တစ်ရပ်ဖြစ်သည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြမည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်ရောက်ရှိနေရာယူ စောင့်ဆိုင်းနေကြပြီး မီးပုံးပျံကြီးများ ကောင်းကင်ယံသို့ ဘေးကင်းအောင်မြင်စွာ လွှတ်တင်ပူဇော်နိုင်ရေးအတွက် တာဝန်ရှိသူများ၏ အားသွန်ခွန်စိုက်ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို စိတ်အားထက်သန်စွာ စောင့်ကြည့်အားပေးကြည့်ရှုကြကာ လွှတ်တင်ပူဇော်မည့်အချိန် နီးကပ်လာသည်နှင့် အမျှ ပရိသတ်များ ပိုမိုစုဝေးရောက်ရှိလာကြသဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် နောက်ဆုံးညဏ် ကြည်နူးပျော်ရွှင်ဖွယ် အနှစ်သာရနှင့် အငွေ့အသက်များမှာ အထူးပင် အသက်ဝင်တောက်ပခဲ့သည်။

မီးပုံးပျံများ စတင်လွှတ်တင်ပူဇော်ချိန်သို့ ရောက်ရှိလာသည့် အခါ တိုင်းရင်းသားရိုးရာအက အလှများ၊ အိုးစည်ဒိုးပတ်နှင့် သံချပ်တီးလုံးများဖြင့် စည်ကားသိုက်မြိုက်စွာ တွဲဖက်ဖျော်ဖြေကြပြီး ညမီးကြီး၊ စိန်နားပန်မီးပုံးပျံကြီးများနှင့် မီးပုံးပျံအသေးများ ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြကာ ရောင်စုံမီးပန်းများနှင့် မီးပုံးပျံကြီးများ၏ အလှတရားတို့ ပေါင်းစပ်ကာ တန်ဆောင်မုန်းလပြည့် ညအလှကို ပိုမိုထင်ရှားပေါ်လွင်စေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနက "မိုလာ"၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက "မေဘရဏီ" နှင့် အလုပ်သမား ဝန်ကြီးဌာနက "ပြည့်စွမ်းအား" အမည်ရှိ မီးပုံးပျံကြီးများကို ကောင်းကင်ယံထက်သို့ လှပခမ်းနား အောင်မြင်စွာ လွှတ်တင်ပူဇော်နိုင်ခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများက လည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူ လွှတ်တင်ပူဇော်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနက "ပြည်ထောင်စုအလင်းအိမ်"၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက "မြန်မာမောင်" နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက "ပို့ကုန်မြှင့်တင်ကမ္ဘာတစ်ခွင်" *စာမျက်နှာ ၉ သို့*



ပြည်ထဲရေးဝန်ကြီးဌာနက လွှတ်တင်ပူဇော် ယှဉ်ပြိုင်သည့် "ပြည်ထောင်စုအလင်းအိမ်" ညမီးကြီးမီးပုံးပျံအား တွေ့ရစဉ်။



ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "မြန်မာမောင်" ညမီးကြီးမီးပုံးပျံအား တွေ့ရစဉ်။



ဥပဒေရေးရာဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "မိုလာ" စိန်နားပန်မီးပုံးပျံအား တွေ့ရစဉ်။



မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများက ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများဖြင့် ပါဝင်ဆင်နွှဲစဉ်။

*စာမျက်နှာ ၈ မှ*

အမည်ရှိ ညမီးကြိုးမီးပုံးပျံကြီးများကိုရောင်စုံမီးပန်းအလှများဖြာထွက်တောက်ပစွာဖြင့် အောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ခဲ့ကြရာ ပွဲတော်လာပရိသတ်များက တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။

ထိုသို့ မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပွဲတော်လာပြည်သူများကလည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများဖြင့် ပါဝင်ဆင်နွှဲအားပေးခဲ့ကြသည့်အပြင် ဆီမီးခွက်များ ကိုင်ဆောင်ပူဇော်ခြင်းနှင့် တန်ဆောင်တိုင် ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကြောင့် တန်ဆောင်မုန်းလပြည့်ညဏ်၏ အလှတရားကို ပိုမိုပြည့်စုံစေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံ မြေတော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများကို LED မီးရောင်စုံများဖြင့် ခမ်းနားထည်ဝါစွာ အလှဆင်ပူဇော်ထားရာ လက်ရာမြောက်လှသည့် တည်ဆောက်ပုံများနှင့် အံ့မခန်း မြန်မာ့ဗိသုကာလက်ရာများမှာ ပိုမိုတင့်တယ်သပ္ပာယ်လျက် ဖူးမြော်မဝနိုင်အောင် ကြည်ညိုဖွယ်ကောင်းပြီး ဘုရားဖူးလာ ပြည်သူများအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်၏ ရင်သပ်ရှုမောဖွယ် အလှတရားနှင့်အတူ ဗုဒ္ဓသာသနိက အဆောက်အအုံများ၏ ထူးခြားဆန်းကြယ်သည့် အနုပညာလက်ရာများကိုတစ်နေရာတည်း၌ ဖူးမြော်လေ့လာခွင့်ရရှိခဲ့ကြသည်။

ယနေ့ညပိုင်းတွင် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးသွေ့ကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူတို့က မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးသွေ့ကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတို့ တွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် စွမ်းဆောင်ရည် ဆုများရရှိခဲ့ကြသည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများစိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စွာဝယ်ယူစားသောက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကံမြေပေါ်ရှိ သတ်မှတ်နေရာများ၌ တန်ဆောင်တိုင်စျေးရောင်းပွဲတော် ထည့်သွင်းကျင်းပခဲ့ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်စျေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များနှင့် ဒေသထွက် ကုန်ပစ္စည်းဆိုင်များ အပါအဝင် စျေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

တန်ဆောင်တိုင် စျေးရောင်းပွဲတော်တွင် ဒေသအလိုက် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်းပြခန်းများ၊ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်မွေးလက်မှု အနုပညာအရောင်းပြခန်းများ၊ ရိုးရာအဝတ်အထည်များနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်တို့၌ စျေးနှုန်းချိသာစွာ ရောင်းချပေးခဲ့ရာ ဘုရားဖူးလာပြည်သူများက နှစ်ခြိုက်စွာ ရွေးချယ်ဝယ်ယူ အားပေးနေကြသည့် ကြည်နူးဖွယ်မြင်ကွင်းများက ပွဲတော်ကြီး၏ စည်ကားသိုက်မြိုက်မှုနှင့် ပျော်ရွှင်ဖွယ် အငွေ့အသက်ကို ပိုမိုထင်ရှားပေါ်လွင်စေခဲ့သည်။

စျေးရောင်းပွဲတော်နှင့်အတူ ပွဲတော်လာပြည်သူများအား မြန်မာ့ရိုးရာဓာတ်သဘင်၏ အနုပညာရသများကို အပြည့်အဝခံစားကြည့်ရှုနိုင်စေရန်အတွက် တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း ညစဉ်မပြတ် မြို့ဆိုင်စွာသီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဓာတ်သဘင်ဖျော်ဖြေပွဲ (အခမဲ့) ၏ နောက်ဆုံးနေ့အဖြစ် အောင်ဇမ္ဗူဓာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့်အပြင်အဆင်များ၊ မီးအလင်းရောင်နှင့် အသံစနစ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြို့ငြိမ်မြို့ဆိုင်ဆိုင်တီးခတ်မှုများနှင့် ခေတ်မီနည်းပညာရပ်များကို ဟန်ချက်ညီညီ တွဲဖက်အသုံးပြု၍ သဘင်ပညာရှင်များ၏ ဓာတ်ဝင်သီချင်း၊ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်းညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ လူနှင့်ရုပ်သေးအက၊ ဟာသလူရွှင်တော်များနှင့် အောင်ဇမ္ဗူဓာတ်တော်သားများ အဖွဲ့၏ “မင်းသားရူး” ဟာသကပွဲ၊ အဆို၊ အပြော၊ အပြောများဖြင့် ဓာတ်၏ အနှစ်သာရကို ရှုပ်လုံးပေါ်အောင် တင်ဆက်ရသည့် “လှည်းယဉ်ကြေ့ကြေ့” အော်ပရာနှင့် “မချစ်တတ်သူများမကြည့်ရ” ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရွိုးအစီအစဉ်၊ ဓာတ်မင်းသားအောင်ဇမ္ဗူ၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို တင်ဆက်မည့် “အောင်လံယူအောင်ဇမ္ဗူ” နှစ်ပါးသွားအစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးရွှင်ပြုံးစေမည့် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များကို ဓာတ်သဘင်အနုပညာရသ စုံလင်စွာဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့အောင်ဇမ္ဗူဓာတ်သဘင်အဖွဲ့၏ ပရိသတ်အကြိုက် အစီအစဉ်ကောင်းများဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့ဓာတ်သဘင်အနုသုခုမပညာကို မြတ်နိုးတန်ဖိုးထားကြသည့် ပွဲတော်လာပြည်သူများက ပျော်ရွှင်ကြည်နူးစွာဖြင့် ကွင်းပြည့်ကွင်းလျှံ လာရောက်ကြည့်ရှုအားပေးကြပြီး ဓာတ်သဘင်၏ သုခုမအနုပညာရသများကို အပြည့်အဝ ခံစားခဲ့ကြသည်။

ထို့အတူ ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတသံစဉ်များကို စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ နားဆင်ခံစားနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ခေတ်ပေါ်တေးဂီတ ဖျော်ဖြေပွဲတွင်လည်း နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် မေသက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဒီဖြို့၊ သာဒီးလူ၊ ပုံရိပ်၊ Snare၊ ဇော်ပိုင်၊ Jenny၊ လီမွှေသီး၊ ယွန်းမြတ်သူ၊ ဖိုးကာ၊ ထက်ဃံ၊ အောင်ထက်၊ Htet Inzali နှင့် အာဒံဦးတို့က Daily Gita Band နှင့် DJ များ၏ တီးခတ်မှုများနှင့်အတူ ပရိသတ်အကြိုက် လူကြိုက်များသည့် တေးသီချင်းများကို အလှည့်ကျ သီဆိုဖျော်ဖြေခဲ့ကြရာ လာရောက်အားပေးကြသည့် ပရိသတ်များက တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် Band နှင့် DJ များ၏ မြူးကြွသောစည်းချက်ညီညီ တီးခတ်မှုတို့အပေါ် တက်ကြွစွာ အတူတကွသီဆိုပါဝင်ခံစားခဲ့ကြသဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားပိုင်းနှင့် ခုံးပိုင်း၊ ကလေးစီးလှေပိုစီနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင် ထည့်သွင်းထားရာ ကလေးငယ်များက မိဘအုပ်ထိန်းသူများနှင့်အတူ လာရောက်ကာ မိမိတို့နှစ်သက်ရာကစားနည်းများကို ဆော့ကစားနေသည့် ချစ်စဖွယ် မြင်ကွင်းများကလည်း ပွဲတော်၏ မိသားစုအပန်းဖြေမှု အနှစ်သာရကို ပိုမိုပြည့်စုံစေခဲ့ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့်ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ခရီးသွားလာရေး အခက်အခဲမရှိစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် တော်ဝင်ယာဉ်လိုင်းနှင့် လျှပ်စစ်မော်တော်ယာဉ်(EV) များကို နေပြည်တော်အတွင်း သတ်မှတ် လမ်းကြောင်းများအလိုက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အခမဲ့ စနစ်တကျ အသွားအပြန် ပြေးဆွဲပေးခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ဟိန်းမင်းစိုး၊ ကျော်စွာဝင်း**
**ဓာတ်ပုံ–အေးပြည့်အောင်**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ ကျောက်စာရံစေတီတော်၊ ရေပန်းရင်ပြင်နှင့် ရေပန်းအဝိုင်းတို့၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိမှုကို တွေ့ရစဉ်။



နိုင်ငံကျော်တေးသံရှင်များ၏ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေမှုအား ပွဲတော်လာပရိသတ်များက သံပြိုင်သီဆိုအားပေးမှုကို တွေ့ရစဉ်။

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူစီးပွားတိုးတက်စေမည့် သားရွှေအိုးထမ်း ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်

သက်ဇော်

**၁၈-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့က နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ပြောကြားခဲ့သည့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လမ်းညွှန်မှာကြားချက်များသည် မြန်မာနိုင်ငံ၏ ပင်မကျောရိုးဖြစ်သော ကျေးလက်နေတောင်သူလယ်သမားများအတွက် အထူးအရေးပါသည့် ရှေ့လုပ်ငန်းစဉ် လမ်းညွှန်မြေပုံတစ်ခုပင် ဖြစ်ပါသည်။**

နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေး၊ ဒေသအလိုက် ကုန်ဈေးနှုန်း ကြီးမြင့်မှုများ လျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေး ထုတ်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ ကိုယ်ပိုင် ထုတ်လုပ်နိုင်ရန် ဟန်ချက်ညီညီ အောင်မြင်စွာ အကောင်အထည်ဖော်သွားကြရန် အလေးအနက်ထား လမ်းညွှန်မှာကြားသွားသည်ကို တွေ့ရှိရပါသည်။

အဆိုပါ လမ်းညွှန်မှာကြားချက်ကို လေးနက်စွာ သုံးသပ်ကြည့်မည်ဆိုပါက ကျွန်ုပ်တို့နိုင်ငံ၏ ကျေးလက်ဒေသများတွင် နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သည့် "သားရွှေအိုးကျ တစ်သီးစား စိုက်ပျိုးရေးစနစ်" မှသည် "စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစပ်ထားသော ဂေဟစနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်"သို့ မဖြစ်မနေ အသွင်ကူးပြောင်းရန် အချိန်ကျပြီဖြစ်ကြောင်း မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဈေးကွက်ဝယ်လိုအား၊ စားသုံးမှုပြောင်းလဲမှု၊ စားကုန်သွင်းအားစု စရိတ်များ မြင့်တက်လာမှုနှင့် လုပ်အားရှားပါးမှု စိန်ခေါ်မှုများကို တောင်သူလယ်သမားများ ရင်ဆိုင်နေရချိန်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို သီးခြားစီ လုပ်ကိုင်ခြင်းထက် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုပြီး ပြည့်စုံစေမည့် ဘက်စုံစနစ်ကို ထူထောင်ခြင်းကသာ တောင်သူများ၏ ဝင်ငွေကို အာမခံချက်ရှိစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အမှန်တကယ် မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

### ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်သင့်သည့် အကြောင်းရင်းများ

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပါသည်။ သို့သော် တောင်သူအများစုမှာ မိုးရာသီစပါး သို့မဟုတ် ရာသီပေါ်သီးနှံတစ်မျိုးတည်းကိုသာ အားပြုစိုက်ပျိုးကြသဖြင့် တစ်နှစ်လျှင် လေးလမှ ခြောက်လခန့်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များတွင် ဝင်ငွေပြတ်လပ်ခြင်း မကြာခဏဖြစ်ပွားနေသည်ကို ကြုံတွေ့နေရပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်ဆောင်ရွက်ခြင်းဆိုသည်မှာ သဘာဝဂေဟစနစ်၏ လည်ပတ်မှုပုံစံအတိုင်း စိုက်ပျိုးရေးမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ (ဥပမာ - ကောက်ရိုး၊ မှုန်ညက်၊ ပြောင်းရိုး၊ ပဲမှော်၊ ဟင်းသီးဟင်းရွက်အကြွင်းအကျန်များ)ကို မွေးမြူရေးတိရစ္ဆာန်များအတွက် အစာအဖြစ် ပြန်လည်အသုံးချခြင်းနှင့် မွေးမြူရေးမှ ထွက်ရှိသော တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ (နွားချေး၊ ကြက်ချေး၊ ဝက်ချေး)ကို စိုက်ပျိုးရေးအတွက် အကောင်းဆုံးသဘာဝမြေဩဇာနှင့် ဇီဝဓာတ်ငွေ့စွမ်းအင်အဖြစ် ပြန်လည်အသုံးပြုခြင်း ဖြစ်ပါသည်။

ထိုသို့တွဲဖက်လုပ်ကိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်းစီ၏ မြေယာအသုံးချမှုစွမ်းရည် အမြင့်မားဆုံးဖြစ်လာသည့်အပြင် မိသားစုလုပ်အားကိုလည်း တစ်နှစ်ပတ်လုံး အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ သီးနှံတစ်မျိုးတည်း စိုက်ပျိုးရာတွင် ရာသီဥတု ဖျက်ဆီးခြင်း သို့မဟုတ် ဈေးနှုန်းကျဆင်းခြင်း ကြုံတွေ့ပါက တောင်သူတစ်ဘဝလုံး အရှုံးပေါ်နိုင်သော်လည်း ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်တွင် သီးနှံမှ အမြတ်နည်းပါးသည့်တိုင် မွေးမြူရေးနှင့် နှစ်တိုသီးနှံများမှ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပုံမှန် ဝင်ငွေဖြင့် ပြန်လည်ကာမိနိုင်မည် ဖြစ်ပါသည်။

### အကျိုးကျေးဇူးများ

ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ဂေဟစနစ်သဖွယ် တွဲဖက်ဆောင်ရွက်ခြင်းဖြင့် တောင်သူများနှင့် နိုင်ငံတော်အတွက် အောက်ပါအကျိုးကျေးဇူး ၇ ရပ်ကို လက်တွေ့ကျကျရရှိစေမည် ဖြစ်ပါသည်-

**၁။ သွင်းအားစုကုန်ကျစရိတ် ကြီးမားစွာ လျှော့ချနိုင်ခြင်း။** စိုက်ပျိုးရေးအတွက် အဓိက ကုန်ကျစရိတ်ဖြစ်သော ဓာတုမြေဩဇာဖိုးနှင့် မွေးမြူရေးအတွက် အဓိက ကုန်ကျစရိတ်ဖြစ်သော တိရစ္ဆာန်အစာဖိုးတို့ကို အချင်းချင်းဖြည့်ဆည်းပေးနိုင်သဖြင့် ထုတ်လုပ်မှုစရိတ် စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သက်သာစေပါသည်။

**၂။ တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေ စီးဆင်းမှု ရရှိခြင်း။** နေ့စဉ်ထွက်ဥနှင့် ဟင်းသီးဟင်းရွက်များမှ နေ့စဉ်ဝင်ငွေ၊ နှစ်တိုသီးနှံနှင့် ကြက်/ဝက်/ငါးတို့မှ လစဉ်/အပတ်စဉ်ဝင်ငွေ၊ နှစ်ရှည်သီးနှံနှင့် စပါးတို့မှ နှစ်စဉ်ဝင်ငွေဟူ၍ ဝင်ငွေလမ်းကြောင်းများစွာ ဖန်တီးနိုင်သဖြင့် တောင်သူများ အကြွေး ကင်းစင်စေပါသည်။

**၃။ မြေဆီလွှာအာဟာရ ပြန်လည်ကောင်းမွန်လာခြင်း။** တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ပြုလုပ်သော သဘာဝကွန်ပို့စ် (Compost) မြေဩဇာများကို စဉ်ဆက်မပြတ် အသုံးပြုခြင်းဖြင့် ဓာတုဓာတ်ကြွင်းကြောင့် ပျက်စီးနေသော မြေဆီလွှာများ ပြန်လည်ရှင်သန်လာပြီး ရေရှည်တွင် သီးနှံအထွက်နှုန်းတိုးတက်စေပါသည်။

**၄။ စွန့်ပစ်ပစ္စည်း ကင်းစင်သော စိမ်းလန်းဂေဟစနစ် ဖြစ်ထွန်းခြင်း။** စိုက်ခင်းနှင့် မွေးမြူရေးခြံမှ ထွက်ရှိသော အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ပါသည်။

**၅။ ကျေးလက် စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်ခြင်း။** နွားနှင့်ဝက်မွေးမြူရေးမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို ဇီဝဓာတ်ငွေ့ကန်အတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် မီးဖိုချောင်သုံး လောင်စာဂတ်စ်နှင့် အိမ်သုံးလျှပ်စစ်မီးရရှိကာ ထင်းခုတ်ခြင်းနှင့် လောင်စာဖိုး ကုန်ကျစရိတ်ကို သက်သာစေပါသည်။

**၆။ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသော အစားအစာများ ရရှိခြင်း။** ဓာတုဆေးဝါး အသုံးပြုမှုနည်းပါးသော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါးနှင့် ဥအမျိုးမျိုးကို ကျေးလက်မိသားစုများကိုယ်တိုင် အာဟာရပြည့်ဝစွာ စားသုံးနိုင်သဖြင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေပါသည်။

**၇။ ကျေးလက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာခြင်း။** စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်သော ထုတ်လုပ်မှု၊ ပြုပြင်ထုပ်ပိုးမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပေါ်ပေါက်လာသဖြင့် ကျေးလက်လူငယ်များ မိမိတို့ဒေသတွင်ပင် အလုပ်အကိုင်ရရှိကာ ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

### ဒေသတွင်း စားနပ်ရိက္ခာ ဖြည့်ဆည်းမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအပေါ် အကျိုးသက်ရောက်မှု

နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှာကြားခဲ့သည့် အဓိက အချက်တစ်ရပ်မှာ "ဒေသအလိုက် ကုန်ဈေးနှုန်း ကြီးမြင့်မှုများ လျှော့ချနိုင်ရေး" ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်မှာ (က) ဒေသတွင်း ထုတ်လုပ်မှု မလုံလောက်သဖြင့် အခြားဒေသများမှ သယ်ယူပို့ဆောင်ရခြင်းကြောင့် သယ်ယူစရိတ်ကြီးမြင့်ခြင်းနှင့် (ခ)သွင်းအားစုစရိတ် ကြီးမြင့်သဖြင့် ထုတ်လုပ်မှု အရင်းအနှီးမြင့်တက်ခြင်းတို့ ဖြစ်ပါသည်။

ကျေးလက်ဒေသတိုင်းတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တွင်ကျယ်လာမည်ဆိုပါက မြို့နယ်တစ်ခုချင်းစီ၊ ကျေးရွာအုပ်စု တစ်ခုချင်းစီအလိုက် မိမိတို့ဒေသ လူဦးရေအတွက် လိုအပ်သော ဆန်၊ ဆီ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့် ဥအမျိုးမျိုးကို ဒေသတွင်း၌ပင် ဖူလုံအောင် ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျေးရွာတစ်ရွာတွင် အိမ်ခြေ ၂၀၀ ရှိသည့်အနက် အိမ်ခြေ ၅၀ ခန့်က ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ကျင့်သုံးလိုက်ရုံဖြင့် ထိုကျေးရွာနှင့် အနီးပတ်ဝန်းကျင် မြို့ပေါ်ဈေးများသို့ နေ့စဉ်လတ်ဆတ်သော အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ အဆက်မပြတ်စီးဝင်လာမည် ဖြစ်ပါသည်။

ထိုသို့ ဒေသတွင်း၌ပင် ထုတ်လုပ်မှု ဖူလုံပေါများ လာသည်နှင့်အမျှ အဝေးမှသယ်ယူရသည့်လောင်စာဆီနှင့် သယ်ယူပို့ဆောင်စရိတ်များ လျော့နည်းသွားခြင်း၊ ကြားခံပွဲစားအဆင့်ဆင့်၏ အမြတ်တင်မှုလျော့နည်းသွားခြင်းတို့ကြောင့် စားသုံးသူပြည်သူများထံသို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ထုတ်လုပ်သူတောင်သူများကိုယ်တိုင်ကလည်း သဘာဝမြေဩဇာနှင့်ကိုယ်ပိုင် စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုထားသဖြင့် ထုတ်လုပ်မှု အရင်းအနှီး သက်သာနေပြီး ဈေးနှုန်းကို ထိန်းညှိ ရောင်းချနိုင်စွမ်းရှိလာမည်ဖြစ်ရာ ကုန်ဈေးနှုန်း တည်ငြိမ်ရေးကို အခြေခံကျကျ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

### စီမံကိန်း အကောင်အထည်ဖော်မှု အဆင့်ဆင့်

ကျေးလက်ဒေသများတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို အောင်မြင်စွာ ထူထောင်နိုင်ရန်အတွက် တောင်သူများကိုယ်တိုင် လက်တွေ့ယုံကြည်လက်ခံလာစေရန် အရေးကြီးပါသည်။ ထို့ကြောင့် တောင်သူများ၏ တစ်နိုင်တစ်ပိုင် လုပ်ကွက်ငယ်များ (တစ်ဧက စံပြကွက်များ)မှစတင်၍ ကျေးရွာအဆင့်၊ ထိုမှတစ်ဆင့် မြို့နယ်အဆင့်သို့ စနစ်တကျတိုးချဲ့ အကောင်အထည်ဖော်နိုင်မည့် အဆင့်သုံးဆင့် စီမံကိန်းကို **ဇယားအတိုင်း** ရေးဆွဲတင်ပြအပ်ပါသည်။

### တောင်သူများ ဆောင်ရွက်နိုင်မည့် တစ်ဧက ဘက်စုံစိုက်ပျိုးမွေးမြူရေး စံပြပုံစံ

ဒေသခံ တောင်သူတစ်ဦးအနေဖြင့် မိမိပိုင်ဆိုင်သော မြေဧရိယာ ၁ ဧက (၄၃,၅၆၀ စတုရန်းပေ) အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေခံအဆောက်အအုံများကို ဂေဟစနစ် ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်နိုင်မည့် စံပြပုံစံတစ်ရပ်ကို အောက်ပါအတိုင်း အသေးစိတ်ခွဲဝေ သတ်မှတ်ပေးထားပါသည် -

**မြေဧရိယာ ခွဲဝေသတ်မှတ်ချက် (စုစုပေါင်း ၁.၀၀ ဧက = ၄၃,၅၆၀ စတုရန်းပေ)**

**၁။ နှစ်တိုသီးနှံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးဧရိယာ (၀.၄၅ ဧက - ၄၅%)**

- **သီးနှံအမည်များ။** ငရုတ်၊ ခရမ်းချဉ်၊ ရုံးပတီ၊ ခရမ်းသီး၊ ပဲတောင့်ရှည်၊ ကိုက်လန်၊ ကန်စွန်းရွက်နှင့် ရာသီအလိုက် ပဲမျိုးစုံ/ပြောင်းဖူး။
- **ရည်ရွယ်ချက်။** နေ့စဉ်နှင့် အပတ်စဉ် ငွေပေါ်လွယ်စေရန်နှင့် သီးနှံအကြွင်းအကျန်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုရန်။

*စာမျက်နှာ ၁၁ သို့*

**မြို့နယ်အဆင့်သို့ စနစ်တကျတိုးချဲ့ အကောင်အထည်ဖော်နိုင်မည့် အဆင့်သုံးဆင့် စီမံကိန်းဇယား**

| အဆင့် (Phase) | ကာလ | အကောင်အထည်ဖော်မည့် အတိုင်းအတာ | အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ |
|---|---|---|---|
| **အဆင့် (၁)** စံပြလုပ်ကွက်များ ဖော်ဆောင်ခြင်း | ပထမ (၆) လမှ (၁) နှစ် အတွင်း | ကျေးရွာတစ်ရွာလျှင် စိတ်ပါဝင်စားသူ စံပြတောင်သူ ၅ ဦးမှ ၁၀ ဦး ၏ ၁ ဧက စိုက်ကွက်များ | • မြေယာပြုပြင်ခြင်းနှင့် ၁ ဧက ဘက်စုံဂေဟစနစ် ပုံစံငယ် တည်ဆောက်ခြင်း။<br>• မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့နှင့် တိရစ္ဆာန်သားပေါက်များ ပံ့ပိုးခြင်း။<br>• နည်းပညာပေးသင်တန်းများ ပို့ချခြင်းနှင့် မှတ်တမ်းတင်ခြင်း။ |
| **အဆင့် (၂)** ကျေးရွာအဆင့် တိုးချဲ့ခြင်း | ဒုတိယ (၁) နှစ်မှ (၂) နှစ် အတွင်း | ကျေးရွာအတွင်းရှိ တောင်သူ ၅၀ မှ ၁၀၀ အထိ ပါဝင်သော ကျေးရွာလုံးကျွတ်စနစ် | • Pilot Project ၏ အောင်မြင်မှုရလဒ်ကို ကျေးရွာတောင်သူများအား လက်တွေ့ပြသ စည်းရုံးခြင်း။<br>• ကျေးရွာအဆင့် တောင်သူအစုအဖွဲ့ ဖွဲ့စည်းခြင်း။<br>• အသေးစား ချေးငွေနှင့် သွင်းအားစုများ ချိတ်ဆက်ပေးခြင်း။ |
| **အဆင့် (၃)** မြို့နယ်အဆင့် ကုန်ထုတ်လုပ်မှု ကွန်ရက် | တတိယ (၂) နှစ်မှ (၃)နှစ် အတွင်း | မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၁၀ အုပ်စု မှ ၂၀ အုပ်စု အထိ ချိတ်ဆက်ခြင်း | • မြို့နယ်အဆင့် စုပေါင်းအရောင်း စင်တာနှင့် အအေးခန်း/သိုလှောင်ရုံများ ထူထောင်ခြင်း။<br>• တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှု စတင်ခြင်း။<br>• အခြားမြို့နယ်များနှင့် တိုင်းဒေသကြီး ဈေးကွက်များသို့ တင်ပို့ရောင်းချခြင်း။ |

> **“ ကျေးလက်ဒေသတိုင်းတွင် ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်လာမည်ဆိုပါက မြို့နယ်တစ်ခုချင်းစီ၊ ကျေးရွာအုပ်စု တစ်ခုချင်းစီအလိုက် မိမိတို့ဒေသ လူဦးရေအတွက် လိုအပ်သော ဆန်၊ ဆီ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့် ဥအမျိုးမျိုးကို ဒေသတွင်း၌ပင် ဖူလုံအောင် ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျေးရွာတစ်ရွာတွင် အိမ်ခြေ ၂၀၀ ရှိသည့်အနက် အိမ်ခြေ ၅၀ ခန့်က ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ကျင့်သုံးလိုက်ရုံဖြင့် ထိုကျေးရွာနှင့် အနီးပတ်ဝန်းကျင် မြို့ပေါ်ဈေးများသို့ နေ့စဉ်လတ်ဆတ်သော အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ အဆက်မပြတ်စီးဝင်လာမည် ”**

*စာမျက်နှာ ၁၀ မှ*

**၂။ ငါးမွေးမြူရေးကန် ဧရိယာ (၀.၂၅ ဧက – ၂၅%)**

- မွေးမြူမည့် ငါးအမျိုးအစား။ ရေချိုငါးမျိုးစုံ (ငါးမြစ်ချင်း၊ ငါးကြင်း၊ တီလားဗီးယားနှင့် ငါးခူ)။
- **ရည်ရွယ်ချက်။** ငါးကန်အပေါ်ပိုင်းတွင် ကြက်ခြံ/ဝက်ခြံ ဆောက်လုပ်၍ စွန့်ပစ်ပစ္စည်းများကို ငါးအစာအဖြစ် တိုက်ရိုက်အသုံးချရန်နှင့် စိုက်ခင်းအတွက် ရေအရင်းအမြစ် ရရှိရန်။

**၃။ နှစ်ရှည်သီးနှံနှင့် ကန်ပေါင်စိုက်ပျိုးရေး ဧရိယာ (၀.၁၅ ဧက – ၁၅%)**

- **သီးနှံအမည်များ။** ဖီးကြမ်းငှက်ပျော၊သင်္ဘော၊ သံပုရာ၊ မာလကာ၊ အုန်းပင်နှင့် နွားစာနေပီယာမြက် (Napier Grass)။
- **ရည်ရွယ်ချက်။** ခြံစည်းရိုးနှင့် ငါးကန်ပေါင်းများပေါ်တွင် စိုက်ပျိုးခြင်းဖြင့် မြေနေရာ အလေအလွင့် မရှိစေဘဲ ရေရှည်ဝင်ငွေ ရရှိရန်။

**၄။ မွေးမြူရေးခြံများ ဧရိယာ (၀.၁၀ ဧက – ၁၀%)**

- **မွေးမြူမည့် တိရစ္ဆာန်အမည်များ။** ဥစား ကြက် (သို့) အသားတိုးကြက်ကောင်ရေ ၂၀၀၊ အသားတိုးဝက် ၁၀ ကောင်နှင့် နို့စားနွား (သို့) ခိုင်းနွား ၂ ကောင်။
- **ရည်ရွယ်ချက်။** မိသားစုလုပ်အားဖြင့် နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်ပြီး တစ်နှစ်ပတ်လုံး ဝင်ငွေရှာဖွေပေးနိုင်ရန်။

**၅။ အခြေခံအဆောက်အအုံနှင့် ဧဝံမြေဩ/ စွမ်းအင်ဧရိယာ (၀.၀၅ ဧက – ၅%)**

- **ပါဝင်မှုများ။** ဧဝံမောတ်ငွေ့,ကန်၊ သဘာဝကွန်ပို့စ် မြေဩပြုလုပ်ရုံ၊ အစာသိုလှောင်ရုံ၊ငယ်နှင့် တောင်သူနားနေဆောင်။

**၆။ တစ်နှစ်အတွင်း ကုန်ကျစရိတ်၊ ရရှိမည့် ဝင်ငွေနှင့် အကျိုးအမြတ် ခန့်မှန်းတွက်ချက်မှု (၁ ဧက စံပြကွက်)**

- အထက်ဖော်ပြပါ တစ်ဧက ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြပုံစံအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက တစ်နှစ်တာကာလအတွင်း ကုန်ကျမည့် အရင်းအနှီးစရိတ်၊ ပြန်လည်ရရှိမည့် ဝင်ငွေနှင့် တောင်သူရရှိမည့် အသားတင်အကျိုးအမြတ်တို့ကို လက်ရှိမြန်မာ့ဈေးကွက် ပေါက်ဈေးများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ခန့်မှန်းတွက်ချက် တင်ပြအပ်ပါသည်–

**(ခ) တစ်နှစ်အတွင်း ခန့်မှန်းရရှိမည့် ဝင်ငွေများ**

| စဉ် | ဝင်ငွေရရှိမည့် ကဏ္ဍ | အသေးစိတ် ထုတ်လုပ်နိုင်မှုပမာဏ | ခန့်မှန်းရရှိငွေ (ကျပ်) |
|---|---|---|---|
| ၁ | နှစ်တိုသီးနှံနှင့် ဟင်းသီးဟင်းရွက် (၀.၄၅ ဧက) | တစ်နှစ်လျှင် ၃ ရာသီ အလှည့်ကျ စိုက်ပျိုးရောင်းချမှုရရှိငွေ (တစ်ရာသီ ပျမ်းမျှ ၁၅ သိန်းနှုန်း) | ၄,၅၀၀,၀၀၀ |
| ၂ | နှစ်ရှည်သီးနှံ (၀.၁၅ ဧက) | ငှက်ပျော၊ သင်္ဘော၊ သံပုရာ စသည်တို့မှ တစ်နှစ်ပတ်လုံး ခူးဆွတ်ရောင်းချရငွေ | ၁,၅၀၀,၀၀၀ |
| ၃ | ကြက်မွေးမြူရေး (ကောင်ရေ ၂၀၀) | တစ်နှစ်လျှင် ၃ သုတ် မွေးမြူရောင်းချခြင်း(သို့) ကြက်ဥ ရောင်းချခြင်းမှ ရရှိငွေ | ၃,၆၀၀,၀၀၀ |
| ၄ | ဝက်မွေးမြူရေး (၁၀ ကောင်) | တစ်နှစ်လျှင် နှစ်သုတ် (စုစုပေါင်း အကောင် ၂၀) အသားတိုး ရောင်းချခြင်းမှ ရရှိငွေ (တစ်ကောင် ပျမ်းမျှ ၄.၅ သိန်း) | ၉,၀၀၀,၀၀၀ |
| ၅ | ငါးမွေးမြူရေးကန် (၀.၂၅ ဧက) | တစ်နှစ်လျှင် ငါးပိသာချိန် ၆၀၀ ခန့် ထွက်ရှိမှု အား တစ်ပိသာ ပျမ်းမျှ ၆,၅၀၀ ကျပ်ဖြင့် ရောင်းချရငွေ | ၃,၉၀၀,၀၀၀ |
| စုစုပေါင်း တစ်နှစ်တာ ဝင်ငွေ (Total Revenue) | | | ၂၂,၅၀၀,၀၀၀ (ကျပ် ၂၂၅ သိန်း) |

**(ဂ) တောင်သူများ ရရှိနိုင်မည့် အသားတင် အကျိုးအမြတ်**

**စုစုပေါင်း ရရှိငွေ** – ၂၂,၅၀၀,၀၀၀ ကျပ်
**စုစုပေါင်း ကုန်ကျစရိတ်** – ၉,၀၀၀,၀၀၀ ကျပ်
**တစ်နှစ်တာ အသားတင် အကျိုးအမြတ်** – ၁၃,၅၀၀,၀၀၀ ကျပ် (ကျပ် ၁၃၅ သိန်း)
**(တစ်လ ပျမ်းမျှ အသားတင် ဝင်ငွေ = ၁,၁၂၅,၀၀၀ ကျပ် / ၁၁.၂၅ သိန်း)**

(မှတ်ချက် – အထက်ပါတွက်ချက်မှုတွင် မိသားစုနေ့စဉ်စားသုံးရန် ခြံထွက်ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့် Biogas မီးဖိုချောင်သုံးလောင်စာဖိုး၊ သက်သာစေမှုများကို ထည့်သွင်းတွက်ထားခြင်း မရှိသေးပါ။ အဆိုပါသက်သာငွေများကိုပါထည့်သွင်းပါက တောင်သူမိသားစု တစ်နှစ်လျှင် ကျပ်သိန်း ၁၅၀ ခန့်အထိ အကျိုးခံစားခွင့် ရရှိမည်ဖြစ်ပါသည်။)

သမားရိုးကျ စိုက်ပျိုးခြင်းနှင့် ဘက်စုံစိုက်ပျိုး မွေးမြူရေးစနစ် နှိုင်းယှဉ်ချက်များမှာ တောင်သူများ အနေဖြင့် လက်ရှိကျင့်သုံးနေသော သမားရိုးကျ တစ်သီးစား စိုက်ပျိုးရေးစနစ် (ဥပမာ – မိုးစပါး တစ်ဧက စိုက်ပျိုးခြင်း)နှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဧကဖစနစ် (တစ်ဧက) တို့၏ လက်တွေ့ကျသော ကွာခြားချက်များကို အောက်ပါဇယားဖြင့် ရှင်းလင်းစွာ နှိုင်းယှဉ်ဖော်ပြအပ်ပါသည်–

| နှိုင်းယှဉ်ချက် အကြောင်းအရာ | သမားရိုးကျ စိုက်ပျိုးရေးစနစ် (တစ်ဧက) | ဘက်စုံစိုက်ပျိုးမွေးမြူရေး ဧကဖစနစ် (တစ်ဧက) |
|---|---|---|
| ၁။ ထုတ်လုပ်မှုပုံစံ | စပါး သို့မဟုတ် သီးနှံတစ်မျိုးတည်း ကိုသာ အာရုံပြုစိုက်ပျိုးခြင်း။ | သီးနှံမျိုးစုံ၊ ငါး၊ ကြက်၊ ဝက်၊ နွားနှင့် ဇီဝစွမ်းအင် တို့ကို ပေါင်းစပ်လုပ်ကိုင်ခြင်း။ |
| ၂။ ဝင်ငွေရရှိမှုအကြိမ်ရေ | တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာ ဝင်ငွေပေါ်ခြင်း။ | နေ့စဉ်၊ အပတ်စဉ်၊ လစဉ်နှင့် နှစ်စဉ်ဝင်ငွေ အဆက်မပြတ် စီးဆင်းခြင်း။ |
| ၃။ တစ်နှစ်တာ အသားတင် အမြတ် | ထမ်းစာ တင်း ၈၀–၁၀၀ ထွက်လျှင် အရင်းနှုတ်ပြီး ကျပ် ၈ သိန်းမှ ၁၂ သိန်း ခန့်သာ ကျန်ခြင်း။ | ကဏ္ဍစုံပေါင်းစည်းလုပ်ကိုင်မှုကြောင့် အရင်းနှုတ်ပြီး ကျပ် ၁၃၅ သိန်းခန့်အထိ အမြတ်ကျန်ရှိခြင်း (၁၀ ဆကျော် ပိုမိုများပြားခြင်း)။ |
| ၄။ သွင်းအားစုမှီခိုမှု | ပြင်ပမှ ဓာတုမြေဩနှင့် ပိုးသတ်ဆေးကို ၁၀၀ ရာခိုင်နှုန်း ဝယ်ယူသုံးစွဲရခြင်း။ | မြေထွက် သဘာဝမြေဩနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို အပြန်အလှန်အသုံးချနိုင်ခြင်း။ |
| ၅။ ဆုံးရှုံးနိုင်ခြေ | ရာသီဥတုဖျက်ခြင်း၊ ဈေးကျခြင်းကြုံပါက တစ်နှစ်လုံး အရှုံးပေါ်နိုင်ခြင်း။ | ကဏ္ဍတစ်ခုတွင် အမြတ်နည်းသော်လည်း အခြားကဏ္ဍများမှ ဝင်ငွေဖြင့် ပြန်လည်ထိန်းညှိနိုင်ခြင်း။ |
| ၆။ မိသားစုလုပ်အား အသုံးချမှု | စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင်သာ အလုပ်ရှိပြီး ကျန်အချိန်များတွင် အလုပ်လက်မဲ့ဖြစ်ခြင်း။ | မိသားစုဝင်အားလုံး တစ်နှစ်ပတ်လုံး အလုပ်ရှိပြီး ဝင်ငွေရှာဖွေနိုင်ခြင်း။ |
| ၇။ ပတ်ဝန်းကျင်နှင့် မြေဆီလွှာ | ဓာတုဆေးဝါးများကြောင့် ရေရှည်တွင် မြေဆီလွှာ ပျက်စီးဆုတ်ယုတ်ခြင်း။ | သဘာဝမြေဩကြောင့် မြေဆီလွှာ ပိုမိုကောင်းမွန်လာပြီး စိမ်းလန်းဂေဟစနစ် ဖြစ်ထွန်းခြင်း။ |

**(က) တစ်နှစ်အတွင်း ခန့်မှန်းကုန်ကျစရိတ်များ**

| စဉ် | ကုန်ကျစရိတ် ခေါင်းစဉ် | အသေးစိတ် တွက်ချက်မှု | ခန့်မှန်းကုန်ကျငွေ (ကျပ်) |
|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံ (တစ်နှစ်တာ အရစ်ကျ တန်ဖိုး) | ငါးကန်တူးဖော်ခြင်း၊ ခြံဆောက်လုပ်ခြင်းနှင့် Biogas စနစ် တည်ဆောက်စရိတ် စုစုပေါင်း သိန်း ၅၀ ၏ ၅ နှစ် အရစ်ကျ တန်ဖိုး | ၁,၀၀၀,၀၀၀ |
| ၂ | စိုက်ပျိုးရေး သွင်းအားစုစရိတ် | နှစ်တို/နှစ်ရှည် မျိုးစေ့၊ ပျိုးပင်၊ ရေသွင်းစရိတ်နှင့် သဘာဝကျင်ငယ်ရည်များ (သဘာဝမြေဩကို သုံးသဖြင့် ဓာတုမြေဩဖိုးသက်သာ) | ၁,၂၀၀,၀၀၀ |
| ၃ | မွေးမြူရေး သားပေါက်ဝယ်ယူစရိတ် | ကြက်သားပေါက် ၂၀၀၊ ဝက်သားပေါက် ၁၀ နှင့် ငါးသားပေါက် ၂,၀၀၀ ဝယ်ယူစရိတ် | ၂,၃၀၀,၀၀၀ |
| ၄ | တိရစ္ဆာန် အစာနှင့် ဆေးဝါးစရိတ် | ခြံထွက် သီးနှံဘေးထွက်ပစ္စည်းများနှင့် နေပီယာမြက်ကို တွဲဖက်ကျွေးသဖြင့် အပြင်စာ ၅၀ ရာခိုင်နှုန်းသာ ဝယ်ယူရန် လိုအပ်ခြင်းနှင့် ကာကွယ်ဆေးဖိုး | ၃,၅၀၀,၀၀၀ |
| ၅ | အထွေထွေနှင့် ပြင်ပလုပ်သားခ | သီးနှံရိတ်သိမ်းချိန်နှင့် ငါးဖမ်းချိန် ငှားရမ်းခ ထုပ်ပိုး သယ်ယူစရိတ် | ၁,၀၀၀,၀၀၀ |
| စုစုပေါင်း တစ်နှစ်တာ ကုန်ကျစရိတ် | | | ၉,၀၀၀,၀၀၀ (ကျပ် သိန်း ၉၀) |

**တစ်နိုင်တစ်ပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဧကဖစနစ်ကို ထူထောင်ထားနိုင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ**

- တောင်သူလယ်သမား မိသားစုတစ်စုချင်းစီ၏ ဝင်ငွေသည် တစ်နှစ်လျှင် ကျပ်သိန်းရာကျော် အထိ တိုးတက်လာပြီး တောင်သူများ အကျိုးစီးပွား အမှန်တကယ် ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။
- ကျေးရွာနှင့်မြို့နယ်တိုင်းတွင်အခြေခံစားသောက်ကုန်များ ဖူလုံပေါများလာသဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုကို ခိုင်မာစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။
- သယ်ယူပို့ဆောင်စရိတ်နှင့် ထုတ်လုပ်မှု အရင်းအနှီးများ လျော့နည်းကျဆင်းသွားသဖြင့် ပြည်သူများ ရင်ဆိုင်နေရသော ကုန်ဈေးနှုန်းကို တည်ငြိမ်၍ လက်တွေ့,ကျကျ ထိန်းညှိပေးနိုင်မည် ဖြစ်ပါသည်။
- ကျေးလက်လူငယ်များအတွက် ကိုယ့်ရပ်ကိုယ့်ရွာတွင်ပင် ဂုဏ်သိက္ခာရှိသော အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။
- မြန်မာ့ရှေးရိုးစကားပုံတွင် ပြည်သူနှင့် နိုင်ငံအတွက် အကျိုးစီးပွား ကြီးမားစွာသယ်ဆောင်လာနိုင်သည့် အစီအစဉ်ကောင်းကို "သားရွေးအိုးထမ်းလာသည်" ဟု တင်စားခေါ်ဝေါ်ကြပါသည်။ ယခုတင်ပြခဲ့သော ကျေးလက်ဒေသ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်သည်လည်း တောင်သူလယ်သမားများအတွက် သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်များကို သယ်ဆောင်ပေးမည့် "သားရွေးအိုးထမ်း လာသကဲ့သို့ဖြစ်မည့် အစီအစဉ်တစ်ရပ်" ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းရေးသား ရင်း နိဂုံးချုပ်အပ်ပါသည်။ ။

> "ယခုတင်ပြခဲ့သော ကျေးလက်ဒေသ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်သည်လည်း တောင်သူလယ်သမားများအတွက် သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အဖိုးမဖြတ်နိုင်သော အကျိုးရလဒ်များကို သယ်ဆောင်ပေးမည့် "သားရွေးအိုးထမ်း လာသကဲ့သို့ဖြစ်မည့် အစီအစဉ်တစ်ရပ်" ဖြစ်




**သုံးရေ ချွေတာသုံးစွဲရေး**

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်း ကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



**အိမ်တွင်းသုံးရေ ချွေတာရေး**

အဝတ်လျှော်စက်တွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

# ဗုဒ္ဓရုပ်ပွားတော် ၃၂ ဆူအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



**မုံရွာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ရွှေစည်းခုံ စေတီတော်မြတ်ကြီး၊ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးတို့အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် ၃၂ ဆူတို့အား မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်း၌ ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများက မသိုးရွှေကြာသင်္ကန်းတော်များ ကိုင်ဆောင်၍ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းတော်များဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိအရှေ့လေးထပ်ကျောင်းတိုက် တိုက်အုပ် နာယက ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးနှင့် ရာပြည့်ကပ်ကျော် စေတီတော်မြတ်ကြီးတို့အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများကမသိုးရွှေကြာသင်္ကန်းတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ယနေ့လပြည့်နေ့ည အပြီးသတ်ယှဉ်ပြိုင်

**တောင်ကြီး နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၁၆ ရက်က ဖွင့်ပွဲအခမ်းအနားနှင့်အတူ ကျင်းပခဲ့သည့် တောင်ကြီးတန်ဆောင်တိုင် ရိုးရာမီးပုံးပျံပွဲတော်သည် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် အပြီးသတ် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။



တန်ဆောင်တိုင်မီးပုံးပျံပွဲတော်၏ နောက်ဆုံးညဖြစ်သည့်အပြင် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ ရွှေပွဲလာပရိသတ်များမှာ ပွဲတော်ကျင်းပရာ အဝေရာမီးပုံးပျံကွင်းအတွင်း လူပင်လယ်ကြီးပမာ စံချိန်တင်အထူးစည်ကားများပြားခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများနှင့် အားပေးသူ ဒေသခံပရိသတ်များမှာလည်း ပြိုင်ပွဲပြီးဆုံးချိန် နီးကပ်လာသည်နှင့်အမျှ မည်သည့်အသင်းက ဆုတံဆိပ်ရရှိသွားနိုင်မည့် အခြေအနေအပေါ် အထူးရင်ခုန် မျှော်လင့်စောင့်စားလျက်ရှိကြသည်။




ဦးမင်းသော်

ယနေ့ပြိုင်ပွဲအပြီးသတ်နေ့ နေ့လွှတ်မီးပုံးပျံအရုပ်ပြိုင်ပွဲတွင် ဟင်္သာ၊ ငှက်ဘီလူး၊ အောက်ချင်း၊ ဆက်ရက်၊ ငှက်နီ၊ ကြက်ဖ၊ ကွန်ဂိုငှက်၊ ငှက်မင်းသား၊ ကြက်တူရွေး၊ ဟွန်းငါး၊ ဒေါင်းမင်းသား၊ ကတ္တဝါ၊ ခို၊ ရစ်ငှက်၊ ခေါင်းသုံးလုံးငန်း၊ ဝတ်ရည်စုပ်ငန်း၊ ဆာဖာကြက်တူရွေး၊ ဒေါင်း၊ တိုက်ကြက်ဖ၊ အိန္ဒိယမြင်း၊ နွားလားဥသဘ၊ ပန်ဒါ၊ ကြံ၊ ခြသေ့်၊ ဖား၊ တောင်ဆိတ်၊ မိကျောင်း၊ ကာတွန်းနဂါး၊ ရှဉ်ငပေါ၊ ဆင်၊ ပုရွက်ဆိတ်စားဝက်သုံးကောင်၊ ဝက်ဝံသုံးကောင်၊ မြင်းကျားသုံးကောင်၊ ဗွတ်ကလုံသုံးကောင်အပါအဝင် စုစုပေါင်းသဘာဝရုပ်လုံး ၄၄ ကောင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ညလွှတ် စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် KBZ Group၊ နှင်းစက်၊ ရွှေကူး၊ ဇွဲလူငယ်၊ သုံးရာသီကဖေးနှင့် ညလွှတ်ညမီးကြီးပြိုင်ပွဲတွင် ရွှေဇုန်၊ လွိုင်ခမ်း၊ A to Z၊ EFF Gas၊ KBZ Group၊ ထက်လူ၊ မြို့စား၊ သြခနှင့် နောင်မွန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

"ဒီနေ့ မီးပုံးပျံပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်တဲ့အတွက် အားပေးကြည့်ရှုသူ အထူးများပြားနေပါတယ်။ မနက်ဖြန်မနက်မှာ ပြိုင်ပွဲအမှတ်တွေကို ပေါင်းပြီး ညနေပိုင်းမှာ ဆုချီးမြှင့်သွားမှာပါ။ နေ့လွှတ်၊ ညလွှတ်ယှဉ်ပြိုင်မှု တိုးတက်လာတဲ့အတွက် ဘယ်အသင်း ဆုရမယ်ဆိုတာ ဒိုင်ခြောက်ဖွဲ့ရဲ့ အမှတ်ရရှိမှုအပေါ်မှာ မူတည်ပါတယ်။ ဒီနေ့မနက်မှာ နေ့လွှတ်အရုပ် ၄၄ လုံးနဲ့ ညပိုင်းမှာ စိန်နားပန် ငါးလုံး၊ ညမီးကြီး ကိုးလုံးပြိုင်သွားမှာပါ "ဟု မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း (ပန်းချီ)က ပြောသည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပခဲ့သည်။

"ရွှေဇုန်ညမီးကြီးအနေနဲ့ မီးပုံးပျံစတင်ပြိုင်တဲ့ ၂၀၂၄ ခုနှစ်မှာ ပထမဆုရခဲ့ပြီး ၂၀၂၅ ခုနှစ်မှာ တတိယဆုရခဲ့ပါတယ်။ ဒီနှစ်မှာ ပထမဆုရမယ်လို့ မှန်းထားပြီး ရင်ခုန်နေပါတယ်။ အားလုံး ကြိုးစားထားပြီး အားထည့်ထားပါတယ်။ ပြိုင်ပွဲမှာ စည်းကမ်းသတ်မှတ်ချက်ဝင်တဲ့ မီးပုံးပျံငါးလုံး တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့လည်း ကြိုးစားထားတာကြောင့် ယနေ့ည ပထမဆုံးလွှတ်မယ့်ပွဲမှာ ကြည့်ရအောင်ပါ" ဟု အေးသာယာစက်မှုဇုန် ရွှေဇုန်မီးပုံးပျံကြီးကြပ်သူ ဦးမင်းသော်က ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြစိမ်းတောင်ပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်၊ သစ်တောရပ်ကွက်ရှိ စူဌာမုနိစေတီတော်မြတ်တို့တွင် စုပေါင်းမဟာဘုံကထိန်ဆက်ကပ်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲကျင်းပခြင်း၊ ဘုရား၊ စေတီနှင့် ဘုန်းတော်ကြီး ကျောင်းတို့တွင် ကုသိုလ်ပြုသူများဖြင့် စည်ကားများပြားခဲ့ပြီး မီးပုံးပျံပြိုင်ပွဲကျင်းပနေသည့် အဝေရာကုန်းသာယာကွင်းတွင်လည်း MSMEs ဆိုင်ခန်းများ၊ ရောင်းကုန်မျိုးစုံဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ချားရဟတ်များနှင့် စင်တင်တေးဂီတစင်တို့တွင် ရောင်စုံမီးများဖြင့် လပြည့်ဝန်းနှင့်အတူ လှပလျက်ရှိသည်။

**ကိုထွေး**

**သစ္စာ၊ ဓာတ်ပုံ-ဇွဲမာန်**

❍ ***ရှေ့ဖုံးမှ***

ဖြစ်ကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ပြည်တွင်းပြည်ပခရီးသွား ၉၃၇၁၄၄ ဦး၊ ၂၀၂၆ ခုနှစ်တွင် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပခရီးသွား ၁၀၅၇၄၁၇ ဦး လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ခရီးစဉ်ဒေသများသို့ နယ်စပ်ဒေသများမှ Package Tour အနေဖြင့် နိုင်ငံခြားခရီးသွား ၉၇၀ လာရောက်လည်ပတ်ခဲ့ပြီး တောင်ကြီး၊ ညောင်ရွှေ၊ ကလောခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွား ၆၉၉၈၅၁ ဦးနှင့် ပြည်ပခရီးသွား ၁၆၅၆၃ ဦး စုစုပေါင်း ၇၁၆၄၁၄ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းဇော်က ပြောကြားသည်။

ရှမ်းပြည်နယ်တွင် ထင်ရှားသော ခရီးစဉ်ဒေသခြောက်ခုအပြင် လူထုအခြေပြုခရီးသွားလုပ်ငန်းများ (Community Based Tourism – CBT) ဖော်ဆောင်ထားသည့် ကျောက်တလုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ထီနဲ့(ပအိုဝ်း)ကျေးရွာ၊ အင်းနီ(ပအိုဝ်း)ကျေးရွာ၊ လွယ်ခေါ်(ပအိုဝ်း)ကျေးရွာ၊ ဆီးကျအင်း(ဓနု)ကျေးရွာ၊ ပင်စိမ်းပင်(ဓနု)ကျေးရွာ၊ လွယ်ပန်းစုံကျေးရွာ၊ လွယ်နွဲ့ကျေးရွာ၊ စံကား(အင်း/ရှမ်း)ကျေးရွာ၊ ကျောက်တော(ဓနု)ကျေးရွာ၊ ဟိုကျင်း(အာခါ)ကျေးရွာ၊ ဟွေယုန်း(အာခါ)ကျေးရွာ၊ ထီဝါးမူး (လီဆူ)ကျေးရွာ၊ ရေယောင်းမ(ဓနု)ကျေးရွာ၊ ကျောက်တလုံး(ပလောင်)ကျေးရွာ၊ ပန်းဆိုင်း(ဝ)ကျေးရွာ၊ ပန်ကူ(လားဟူ)ကျေးရွာ၊ ဟိုယန်း(လွယ်)ကျေးရွာနှင့် ကျေက္ကချား(ပအိုဝ်း)ကျေးရွာတို့တွင် ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-ပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန**

❑ ***ရှေ့ဖုံးမှ***

ယင်းထုတ်ပြန်ချက်၌ Coffee Expo Seoul 2027 Secretariat ၏ အကြောင်းကြားစာတွင် မြန်မာနိုင်ငံ၏ အဆိုပြုလွှာသည် မြန်မာ့ကော်ဖီယဉ်ကျေးမှုကို မြှင့်တင်ဖော်ထုတ်ရန်နှင့် ကိုရီးယားနိုင်ငံတွင် စီးပွားရေးမိတ်ဖက်ဆက်ဆံမှုအသစ်များ တည်ဆောက်ရန် ခိုင်မာသော ရည်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှုများ ပါဝင်သည့်အတွက် ထူးခြားထင်ရှားခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအား ယခုကဲ့သို့ ဂုဏ်ထူးဆောင် ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်နိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် လာမည့် ၂၀၂၇ ခုနှစ် ဧပြီလတွင် ကျင်းပမည့်ပြပွဲ၌ မြန်မာနိုင်ငံကို ကြိုဆိုလက်ခံရမည်ဖြစ်သည့် အတွက် ဝမ်းမြောက်မိကြောင်း၊ မှတ်တမ်းများအရ Coffee Expo Seoul ပြပွဲများတွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင် ဧည့်သည်နိုင်ငံအဖြစ် ပထမဆုံး ရွေးချယ်ခံရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့် ဆိုးလ်အခြေစိုက် မြန်မာသံရုံး၏ အပြည့်အဝပူးပေါင်းပါဝင်မှုတို့ကို ပြသနိုင်ခဲ့ကြောင်း။

Coffee Expo Seoul သည် ကော်ဖီလုပ်ငန်းနှင့် သက်ဆိုင်သည့် ထုတ်လုပ်သူများ၊ တင်သွင်းသူများ၊ ဖြန့်ဖြူးရောင်းချသူများနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံချိတ်ဆက်နိုင်သည့် နိုင်ငံတကာကုန်သွယ်မှုပြပွဲတစ်ခုဖြစ်ပြီး ယင်းပြပွဲနှင့်အတူ Korea International Bakery Fair (KIBA) 2027 ကိုလည်း ၂၀၂၇ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ တရားဝင်ဂုဏ်ထူးဆောင် ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်ခံရခြင်းသည် မြန်မာ့ကော်ဖီ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုအလားအလာများကို ကိုရီးယားဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုမိတ်ဆက်ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းရရှိခြင်းဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**သတင်းစဉ်**

ရေသည်အသက် ရေအသက်တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ

# တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်(သာမညဖလ အခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပက အဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၈) ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှ စတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ပြီး လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်၊ အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမရုပ်ပွားတော်မြတ်တို့ကို ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ထို့အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် ဆူးလေစေတီတော်တို့တွင် ကျင်းပသည့် မသိုး



ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို တက်ရောက်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ရွှေကြာသင်္ကန်းကပ်လှူပူဇော်သည်။

အလားတူ သင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီး၏ (၂၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းအောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဝရဒါဌာဓာတု စေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သမိုင်းဝင်မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင် လည်း ယနေ့နံနက်ပိုင်းမှ စတင်ကာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလ အခါတော်နေ့)အခမ်းအနားကို ကျင်းပကြသည်။



တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်း၊ ကပ်လှူပူဇော်ပွဲများ၊ သာမညဖလအခါတော်နေ့ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက်စုပေါင်း၍ မဟာဘုံကထိန်အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရား၊ စေတီများတွင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးကြခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့်နေအိမ်များ၌ လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်း၊ လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်းတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်မင်းလတ်(MNA)**

# ပဲခူးမြို့၌ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ




**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ၂၀၂၆ ခုနှစ် ပဲခူးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ယမန်နေ့ ညပိုင်းက ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်းအတွင်း ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ တိုင်းရင်းသားတိုင်းရင်းသူများက ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်းကာ အလှမီးအိမ်များဖြင့် မီးစင်္ကြာလှည့်လည်၍ ပူဇော်ဝင်ရောက်ကြပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော် စာတန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး "ပဲခူး" ဟု စာတန်းဖော်ထားသည့် ရောင်စုံမီးပုံးပျံအသေးအလုံး ၁၀၀၀၊ စိန်နားပန်မီးပုံးပျံအကြီးသုံးလုံး လွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းတို့ကို တစ်ဆက်တည်းပြုလုပ်ကြသည်။

အဆိုပါ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင် ပူဇော်ပွဲသို့ လာရောက်ကြသည့် ဧည့်ပရိသတ်များကို နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**


✪ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်၏ ချေပဂိုးကို ၆၇ မိနစ်တွင် ရှိုင်းအောင်က သွင်းယူပေးခဲ့သည်။ အဆိုပါပြိုင်ပွဲ၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဒဂုံစတား ယူနိုက်တက်မှ ညီနိုင်က ရရှိခဲ့သည်။ ဒဂုံစတား ယူနိုက်တက်သည် ရာသီပိတ်ပွဲစဉ်အပြီးတွင် ရမှတ် ၅၈ မှတ်ရရှိခဲ့ပြီး အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့ကာ သွင်းဂိုးစုစုပေါင်း ၈၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ရာသီပိတ်ပွဲစဉ်တွင် Falcon အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Falcon အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၃ မိနစ်တွင် ဟန်ထူးလွင်နှင့် နာကျင်အချိန်ပို ၉၀+၄ မိနစ်တွင် လင်းရောင်တို့က သွင်းယူပေးခဲ့သည်။

အဆိုပါပွဲစဉ်၏ အကောင်းဆုံး ကစားသမားဆုကို ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ဟန်ထူးလွင်က ရရှိခဲ့သည်။ Falcon အသင်းသည် ရာသီပိတ်ပွဲစဉ်အပြီးတွင် ရမှတ် ၃၉ မှတ်ဖြင့် ရှမ်းယူနိုက်တက်ကို ကျော်ဖြတ်ကာ အဆင့်(၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အပတ်စဉ်(၂၆) ရာသီပိတ် ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၆ ရက်တွင် သီဟဒီပကွင်း၌ ရတနာပုံနှင့် ဧရာဝတီယူနိုက်တက်၊ ဗဟန်းကွင်း၌ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

✹ *ကျောဖုံးမှ*

အဲဗာတန်အသင်းသည် ပွဲချိန် မိနစ် ၄၀ တွင် အသင်းခေါင်းဆောင် တာကောစကီး အနီကတ်ပြ ထုတ်ပယ် ခံခဲ့ရသောကြောင့် လက်ကျန် ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ အဲဗာတန်အသင်းသည် အားထားရသည့် ခံစစ်ကစားသမား တာကောစကီး ထုတ်ပယ်ခံရပြီး နောက် အသင်းကစားပုံဟန်ချက် ပျက်သွားခဲ့ပြီး ပြိုင်ဘက်အသင်း၏ တရစပ်စစ်ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်အများစုဟန့်တားကာကွယ်ခဲ့ရသည်။

ပေါ်တူဂီ ကွင်းလယ်ကစားသမား ဖေဘီယို ကာဗယ်ဟိုသည် ယခုနှစ်ရာသီတွင် ဘရန့်ဖို့ဒ် အသင်းအတွက် နှစ်ပွဲမြောက် ပါဝင်ကစားခွင့်ရခဲ့ပြီး အသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို သွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ဘရန့်ဖို့ဒ်အသင်း ခံစစ်ကစားသမား လူးဝစ်ပေါ်တာသည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် အဲဗာတန်အသင်းကို နိုင်ပွဲရရှိခဲ့သောကြောင့် ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၆) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် အဲဗာတန်အသင်းက ပရီမီယာလိဂ် တတိယမြောက် ရှုံးပွဲနှင့်အတူ ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၉) တွင် ရပ်တည်နေသည်။

လာမည့်ပွဲစဉ်တွင် ဘရန့်ဖို့ဒ် အသင်းက မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ပြီး အဲဗာတန်အသင်းက အသင်းကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# အိန္ဒိယက ရေဘေးဒဏ်သင့် နီပေါနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ ဘီလီယံခန့် ထောက်ပံ့ကူညီမည်

နယူးဒေလီ နိုဝင်ဘာ ၂၄

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဆိုးရွားပြင်းထန်သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့သော နီပေါနိုင်ငံသို့ နီပေါရွာဒီး ဘီလီယံ ၂၄၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ ဘီလီယံခန့်) တန်ဖိုးရှိ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ကြီးချုပ် မိုဒီသည် နိုဝင်ဘာ ၂၃ ရက်တွင် နီပေါဝန်ကြီးချုပ် ဘာလန်ဒရာရှားနှင့် တွေ့ဆုံဆွေးနွေးမှုအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံသစ် စီမံကိန်းများအတွက် ရန်ပုံငွေများပါဝင်သော အကူအညီပေးရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် စွမ်းအင်၊ ဂြိုဟ်တုဆက်သွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပါဝင်သော နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။ တွေ့ဆုံဆွေးနွေးမှုအပြီး သတင်းထောက်များအား ပြောကြား




ရာတွင် မိုဒီက အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား ဆက်ဆံရေးသည် ရင်းနှီးမှုနှင့် မယိမ်းယိုင်သော ယုံကြည်မှုအပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ခက်ခဲသည့် အချိန်ကာလများတွင်လည်း နှစ်နိုင်ငံစလုံးက တစ်နိုင်ငံနှင့်တစ်နိုင်ငံ အစဉ်တစိုက် ထောက်ပံ့ကူညီခဲ့ကြကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်နဲအိတ်ခဲ့ကေ**

## ဟော်မုဇ်ရေလက်ကြားကိုကျော်လွှန်၍ ယူအေအီးကာတာနှင့်အိုမန်ရေပိုင်နက်အထိ ပစ်ခတ်တိုက်ခိုက်မှုရှိလာ

လန်ဒန် နိုဝင်ဘာ ၂၄

သင်္ဘောသုံးစင်းသည် နိုဝင်ဘာ ၂၃ ရက်က ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းပြီး အရှေ့ဘက်သို့ ခုတ်မောင်းနေစဉ် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ယူကေရေကြောင်းကုန်သွယ်ရေးအဖွဲ့ (UKMTO) က နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါ သင်္ဘောသုံးစင်းသည် ခရီးဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်းနှင့် သင်္ဘော အမှုထမ်းအားလုံး ဘေးအန္တရာယ်ကင်းရှင်းကြောင်း UKMTO က ပြောသည်။ သင်္ဘော သုံးစင်းမှာ နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီ၂၅ မိနစ်တွင် တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။ ထိခိုက်ပျက်စီးမှု အတိုင်းအတာနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်းနှင့် တာဝန်ရှိသူများက ယင်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ကုန်သွယ်ရေးသင်္ဘောများအပေါ် မကြာသေးမီက တိုက်ခိုက်မှုများသည် ဟော်မုဇ် ရေလက်ကြားကိုကျော်လွန်ကာ အာရပ်စော်ဘွားများပြည်ထောင်စု (UAE)၊ ကာတာနှင့် အိုမန်ကမ်းရိုးတန်းရေပြင်ပိုင်နက်များအထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ လူဆင်းသက်နိုင်ရေး တရုတ်နိုင်ငံက ဆက်လက်ကြိုးပမ်းနေ

ပေကျင်း နိုဝင်ဘာ ၂၄

တရုတ်နိုင်ငံ၏ လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်သည် သတ်မှတ်ထားသည့် ရည်မှန်းချက်များအတိုင်း တိုးတက်နေကြောင်း တရုတ် လူလိုက်ပါအာကာသစီမံကိန်းအေဂျင်စီ (CMSA) က နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၂၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည့် Shenzhou-24 မစ်ရှင်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အာကာသယာဉ်မှူးများလိုက်ပါသည့် အာကာသယာဉ်ကို လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

CMSA ပြောရေးဆိုခွင့်ရှိသူ ကျန်းကျင်းပေါက မကြာမီကာလအတွင်း Long March-10A ဒုံးပျံနှင့် မျိုးဆက်သစ်လူလိုက်ပါ အာကာသယာဉ် Mengzhou တို့ကို ဟိုင်နန်ပြည်နယ်၊ ဝန်ချုပ်းအာကာသယာဉ် လွှတ်တင်ရေးစခန်းတွင် ပူးတွဲလေ့ကျင့် စမ်းသပ်သွားမည်ဖြစ်ကြောင်း ပြောသည်။ ယင်းစမ်းသပ်မှုသည် လွှတ်တင်ရေးလုပ်ငန်းစဉ်များနှင့် စနစ်အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုများကို အပြည့်အဝစစ်ဆေးရန် ရည်ရွယ်သည်။ ထို့နောက် Long March-10 ဒုံးပျံ၏ နည်းပညာပိုင်းဆိုင်ရာ အတည်ပြုစမ်းသပ်ပျံသန်းမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် လူလိုက်ပါသည့် လကမ္ဘာစူးစမ်းရေး မစ်ရှင်များအတွက် တည်ဆောက်ထားသော Long March-10 ဒုံးပျံစီးရီးတွင် Long March-10 နှင့် Long March-10A ဟူ၍ အမျိုးအစားနှစ်မျိုး ပါဝင်ကြောင်း သိရသည်။ လကမ္ဘာပေါ်သို့ ဆင်းသက်မည့် Lanyue (လကိုဖက်တွယ်ခြင်း) အမည်ရှိ လဆင်းယာဉ်၏ ပထမဆုံး စမ်းသပ်ပျံသန်းမှုကိုလည်း သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်နေကြောင်း တရုတ်အာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ ရေကြီးမှုကြောင့် အောက်တိုဘာလ ကားထုတ်လုပ်မှု ၃၅ ရာခိုင်နှုန်းကျော် ကျဆင်း

ဘန်ကောက် နိုဝင်ဘာ ၂၄

ထိုင်းနိုင်ငံ၌ စက်တင်ဘာလနောင်းပိုင်းမှအောက်တိုဘာလလယ်အထိ ရေကြီးရေလျှံမှုများကြောင့် ကားအစိတ်အပိုင်းပေးသွင်းမှုပြတ်တောက်ပြီး စက်ရုံအချို့ ယာယီရပ်နားခဲ့ရသဖြင့် အောက်တိုဘာလအတွင်း ကားထုတ်လုပ်မှု သိသိသာသာ ကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်း (FTI) က နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်သည်။

အောက်တိုဘာလတွင် ကားအစီးရေ ၈၇၉၈၈ စီးသာ ထုတ်လုပ်နိုင်ခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၃၅ ဒသမ ၁၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ရေကြီးမှုကြောင့် အလုပ်သမားအချို့ လုပ်ငန်းခွင်သို့ မလာရောက်နိုင်ခဲ့သော်လည်း အောက်တိုဘာလလယ်မှစ၍ တပ်ဆင်ထုတ်လုပ်ရေး လိုင်းအားလုံး ပုံမှန်ပြန်လည်လည်ပတ်နိုင်ခဲ့သည်။



ယခုနှစ် ပထမ ၁၀ လအတွင်း စုစုပေါင်း ကားထုတ်လုပ်မှုမှာ ယမန်နှစ်ကာလတူထက် ၃ ဒသမ ၅၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တစ်ဖက်တွင် ပြည်တွင်းကားရောင်းအားမှာ ၈ ဒသမ ၇၁ ရာခိုင်နှုန်းမြင့်တက်ပြီး ၅၁၁၂၇ စီးရောင်းချခဲ့ရာ ခရီးသည်တင်ကျယ်ပြန့်စစ်ကားရောင်းအား ၉၄ ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်လာသည်။ ကျယ်ပြန့်စစ်ကားရောင်းအား မြင့်တက်လာခြင်းမှာ အခွန်နှုန်း ၁၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့နေသည့် တင်သွင်းကျယ်ပြန့်စစ်ကားများကြောင့်လည်းဖြစ်ကြောင်း FTI က ပြောကြားသည်။

ထို့အပြင် အောက်တိုဘာလ အတွင်းထိုင်းနိုင်ငံ၏မော်တော်ယာဉ် တင်ပို့မှုမှာလည်း ယမန်နှစ်ထက် ၃၄ ဒသမ ၃၈ ရာခိုင်နှုန်း ကျဆင်းပြီး ၅၄၅၀၃ စီးသာ ရှိခဲ့သည်။ **ဆင်ဟွာ**

## AI ကြောင့် ကမ္ဘာပါဝါချိန်ခွင်လျှာပြောင်းလဲနေဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးပြောကြား

ကင်ဘာရာ နိုဝင်ဘာ ၂၄

ဉာဏ်ရည်တု (AI) နှင့် နည်းပညာသစ်များသည် ကမ္ဘာ့အာဏာချိန်ခွင်လျှာ၊ စီးပွားရေးနှင့် စစ်ရေးအခြေအနေများကို အခြေခံကျကျပြောင်းလဲနေကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီပေါင်က နိုဝင်ဘာ ၂၄ ရက်တွင် သတိပေးပြောကြားသည်။

ဖက်ဒရယ် လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် AI နည်းပညာသည် ယခင်က ပေါ်ပေါက်ခဲ့သည့် တော်လှန်ပြောင်းလဲမှုဖြစ်စေသော နည်းပညာများထက် ပိုမိုလျင်မြန်စွာပျံ့နှံ့လာပြီး လူမှုဘဝ၊ စီးပွားရေးနှင့် တပ်မတော်အသီးသီး၏ လုပ်ဆောင်ပုံများကို ပြောင်းလဲနေကြောင်း ၎င်းက ပြောသည်။

ထို့ကြောင့် အဆင့်မြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး




ပြိုင်ဆိုင်မှုတွင် အမြန်နှုန်းကိုသာ ဦးစားပေးပြီး ဘေးကင်းလုံခြုံမှုကို လျစ်လျူမရှုစေရန် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ၎င်းက ပြောသည်။ နိုင်ငံအချင်းချင်း ယုံကြည်မှုတည်ဆောက်ရေး၊ နည်းပညာဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာပါက ပူးပေါင်းဖြေရှင်းရေးနှင့် AI နည်းပညာ၏ သက်ရောက်မှုအတိုင်း သင့်လျော်သည့် နိုင်ငံတကာတုံ့ပြန်မှုများ ဆောင်ရွက်ရေးတို့လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

AI စည်းမျဉ်းများကို ကြိုးကြပ်ရန် သီးခြားအဖွဲ့အစည်းတစ်ခုဖွဲ့စည်းမည်ဖြစ်ပြီး လိုက်နာမှုမရှိသည့် ကုမ္ပဏီများကို ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်သော်လည်း ဩစတြေးလျနိုင်ငံသားအားလုံးအတွက် အကျိုးရှိစေမည့် စည်းကမ်းချက်များနှင့် အညီ အဆင့်မြင့် AI ရင်းနှီးမြှုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှုများကို ကြိုဆိုကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ပြည်ပရောက် သီရိလင်္ကာအလုပ်သမားများအတွက် ပဟိုဒ္ဓေလွှဲမှတ်တမ်းစနစ် ဖော်ဆောင်မည်

ကိုလံဘို နိုဝင်ဘာ ၂၄

သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြားရောက်အလုပ်သမားများ မိသားစုထဲပြန်လည်ပေးပို့သည့် ငွေကြေးများကို တစ်စုတစ်စည်းတည်း မှတ်တမ်းတင်နိုင်မည့် စနစ်တစ်ခု ဖော်ဆောင်လျက်ရှိကြောင်း နိုင်ငံခြားရေးနှင့် နိုင်ငံခြားအလုပ်အကိုင်ဆိုင်ရာ ဒုတိယဝန်ကြီး အာရွန်ဟီမာချန်ဒရာက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။ လက်ရှိတွင် ငွေလွှဲသည့် လမ်းကြောင်းအမျိုးမျိုးရှိသဖြင့် တရားဝင်မှတ်တမ်းတစ်ခုတည်းတွင် မပြည့်စုံခြင်းများရှိကာ အစိုးရ၏ အကျိုးခံစားခွင့်များ လျော့ကျထားရာ၌ အခက်အခဲဖြစ်ရကြောင်း အလုပ်သမားများက တင်ပြခဲ့ကြသည်။

အဆိုပါစနစ်သည် နိုင်ငံခြားရောက် အလုပ်သမားများအနေဖြင့် အစိုးရ၏ အိမ်ရာချေးငွေအစီအစဉ်ကဲ့သို့သော အထောက်အပံ့များ ရရှိနိုင်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံခြားအလုပ်အကိုင်ဗဟိုရုံးနှင့် ပူးပေါင်းကာ အတိုးနှုန်းတစ်စိတ်တစ်ပိုင်းကို အစိုးရက ထောက်ပံ့ပေးသည့် အိမ်ရာချေးငွေအစီအစဉ်ကို စတင်မိတ်ဆက်ထားပြီး ၂၀၂၇ ခုနှစ် ဘတ်ဂျက်တွင်လည်း ယင်းအစီအစဉ်အတွက် ရန်ပုံငွေခွဲဝေထားကြောင်း ဝန်ကြီးက ပြောသည်။ ထို့အပြင် ၂၀၂၆ ခုနှစ်အကုန်တွင် နိုင်ငံခြားရောက်အလုပ်သမားများ၏ ငွေလွှဲပို့မှုသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံကျော် ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။ နိုင်ငံခြားရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ဒီဂျစ်တယ်ခန်ဆောင်မှုများကိုလည်း တိုးချဲ့ဆောင်ရွက်နေပြီး နိုင်ငံတစ်ဝန်း ရှိ ခရိုင် ၂၅ ခုလုံးတွင် ကောင်စစ်ဝန်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ရှိပြီးသား အစိုးရရုံးများကို အသုံးပြုသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## ဖီဂျီ၌ စာသင်ကျောင်းအားလုံး ဆောလျင်စွာ ပိတ်မည်

ဆူဗာ နိုဝင်ဘာ ၂၄

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ဆက်နွယ်၍ ပိုမိုဆိုးရွားလာသော မိုးခေါင်ရေရှားမှုအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အစိုးရက ကြိုတင်ကာကွယ်ရေးအစီအမံများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဖီဂျီနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအားလုံးကို ယခုလကုန်မှစတင်၍ ကျောင်းသူကျောင်းသားများအတွက် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသားကျောင်းသူများ၏ ဘေးကင်းလုံခြုံရေးကိုရှေးရှုကာ မူလက ဒီဇင်ဘာ ၄ ရက်တွင် ပြီးဆုံးရန် လျာထားသည့် တတိယစာသင်ကာလကို ယခုကဲ့သို့ ဆောလျင်စွာ ပိတ်လိုက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် နိုင်ငံတကာစည်ပင်သာယာရေး ဖိုရမ်- ၂၀၂၆ သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် နိုင်ငံတကာစည်ပင်သာယာရေးဖိုရမ် - ၂၀၂၆ (International Municipal Forum 2026) သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးကံမြင့်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။(ယာဝုံ)




အဆိုပါ ဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ Roscongress ဖောင်ဒေးရှင်းနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ဖိုရမ်ကို ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြအသွင်ကူးပြောင်းမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရေးဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်သို့ နိုင်ငံပေါင်း ၄၀ ကျော်မှ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။ ဖိုရမ်၌ နိုင်ငံတကာဆက်ဆံရေး၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးနှင့်ဆန်းသစ်တီထွင်မှု၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ စသည့်ကဏ္ဍ(၅)ခုဖြင့် ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထို့အပြင် မြို့ပြစီမံခန့်ခွဲမှု ဆိုင်ရာလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်သော စီမံကိန်းများကို ပြသသည့် ပြပွဲတစ်ခုကိုလည်း ပူးတွဲကျင်းပသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးကံမြင့်သန်း ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးခင်မောင်အေးနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းလတ်တို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံအား မဖြိုဖျက်မီ တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံအား ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

❍ *ကျောဝုံးမှ*

ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်းဘဲ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့်ယာဉ် ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ကိုးလုံး၊ စုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

❖ *ကျောဝုံးမှ*

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ်ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များကို ရင်ဆိုင်နိုင်သော စိုက်ပျိုးရေးစနစ်တစ်ခု တည်ဆောက်ခြင်း

*သန်းဇော်(ပဟိုစာရင်းအင်းအဖွဲ့)*

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်သာယာဝပြောရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြေနှင့်ရေ အခြေအနေပေါ်မူတည်၍ စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ပြောင်း၊ ပါနှင့် ကြံစသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြသည်။ သို့သော် မြန်မာ့စိုက်ပျိုးရေးသည် ရာသီဥတုအပေါ် များစွာမှီခိုနေရသည့် အတွက် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်းနှင့် ရေကြီးရေလျှံခြင်းတို့ကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ထိုသို့သော ရာသီဥတုဆိုင်ရာဖြစ်စဉ်များ အနက် အယ်လ်နီညိုသည် မြန်မာ့စိုက်ပျိုးရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ၏ အလယ်ပိုင်းနှင့် အရှေ့ပိုင်း အီကွေတာဒေသရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် မြင့်တက်လာခြင်းနှင့် ဆက်စပ်သည့် သဘာဝ ရာသီဥတု ဖြစ်စဉ်တစ်ခုဖြစ်သည်။ အယ်လ်နီညိုဖြစ်ပေါ်လာသည့်အခါ ကမ္ဘာ့လေထုလည်ပတ်မှုပုံစံနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာနိုင်သည်။ အချို့ဒေသများတွင် မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်းများ ဖြစ်ပေါ်နိုင်သကဲ့သို့ အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးခြင်းများလည်း ဖြစ်ပေါ်နိုင်သည်။

### မြန်မာ့စိုက်ပျိုးရေးအပေါ် အယ်လ်နီညို၏ သက်ရောက်နိုင်မှုများ

**မိုးရွာသွန်းမှုလျော့နည်းခြင်း-** အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် မိုးရွာသွန်းမှု ပုံမှန်ထက် လျော့နည်းလာနိုင်သည်။ အထူးသဖြင့် စိုက်ပျိုးမြေဧရိယာပေါများပြီး စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အများအပြားစိုက်ပျိုးသည့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ တည်ရှိသည့် အလယ်ပိုင်းမိုးနည်းရပ်ဝန်းသည် မိုးခေါင်ရေရှားမှုဒဏ်ကို ပိုမိုခံစားရနိုင်သည်။ မိုးရွာသွန်းမှု လျော့နည်းလာပါက မြေဆီလွှာအတွင်း အစိုဓာတ်လျော့နည်းလာပြီး သီးနှံများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရန် အခက်အခဲဖြစ်ပေါ်စေသည်။ ထို့အပြင် စိုက်ပျိုးရေရရှိမှုလည်း လျော့နည်းလာနိုင်သည်။

**စပါးစိုက်ပျိုးရေးအပေါ် သက်ရောက်မှု-** မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာသီးနှံမှာ စပါးဖြစ်သည်။ စပါးစိုက်ပျိုးရေးသည် မိုးရေနှင့် ဆည်ရေကို အဓိကအားထားရသဖြင့် အယ်လ်နီညိုကြောင့် မိုးနည်းခြင်းနှင့် အပူချိန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်ပါက စပါးပင်များ၏ ကြီးထွားမှုကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် စပါးပွင့်ချိန်နှင့် အနှံအောင်ချိန်တို့တွင် အပူချိန်မြင့်တက်ပါက အစေ့အောင်မြင်မှု လျော့နည်းပြီး အထွက်နှုန်းကျဆင်းနိုင်သည်။ ထို့ကြောင့် တောင်သူများ၏ ဝင်ငွေကို ထိခိုက်စေသကဲ့သို့ စပါးအခြေခြေပြု ဆက်စပ်လုပ်ငန်းများ၏ ဝင်ငွေကိုလည်း ကျဆင်းစေနိုင်သည်။

**ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပေါ် သက်ရောက်မှု-** မြန်မာနိုင်ငံတွင် ပဲတိစိမ်း၊ မတ်ပဲ၊ ပဲစင်ငုံ၊ ကုလားပဲ၊ နှမ်းနှင့် မြေပဲတို့ကို အများအပြား စိုက်ပျိုးကြသည်။ အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှု မမှန်ခြင်းနှင့် မြေအစိုဓာတ်လျော့နည်းခြင်းတို့ ဖြစ်ပေါ်လည်း အလုပ်အကိုင်ရှားပါးမှု ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ လေ့လာချက်အရ ၂၀၁၆ ခုနှစ် အယ်လ်နီညိုကာလတွင် ကျေးရွာပေါင်း ၁၇၀၀ ခန့်၌ ရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပြီး အလယ်ပိုင်း မိုးနည်းရပ်ဝန်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ စိုက်ပျိုးမြေများလည်း ထိခိုက်ခဲ့ကြောင်း ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

**စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးအပေါ် သက်ရောက်မှု-** သီးနှံအထွက်နှုန်း ကျဆင်းလာခြင်းသည် စားနပ်ရိက္ခာရရှိမှုကို လျော့နည်းစေပြီး ရာသီဥတုဒဏ်ခံနိုင်သော မျိုးစေ့များကို တောင်သူများ အသုံးပြုနိုင်ရန် ဖြန့်ဝေပေးသင့်သည်။

မိုးလေဝသခန့်မှန်းချက်များကို အခြေခံ၍ သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များကို သင့်လျော်စွာ ပြင်ဆင်သတ်မှတ်ပြီး စိုက်ပျိုးချိန်ကို ပြောင်းလဲစီမံသင့်သည်။

သီးနှံတစ်မျိုးတည်းကိုသာ အားထားခြင်းထက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဒေသနှင့်ကိုက်ညီသော သီးနှံများကို ရောနှောစိုက်ပျိုးခြင်း၊ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးရေးအပေါ် ကျရောက်နိုင်သည့် အန္တရာယ်ကို လျော့ချသင့်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များကို အချိန်မီရရှိစေရန် ဆောင်ရွက်သည့်အပြင် စိုက်ပျိုးရေးပညာရှင်များက တောင်သူများကို ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးနည်းစနစ်များ သင်ကြားပေးသင့်သည်။

FAO ၏ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလမ်းညွှန်တွင်လည်း ရေစီမံခန့်ခွဲမှု၊ သီးနှံမျိုးစေ့ရွေးချယ်မှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ၏ အရေးပါမှုကို ဖော်ပြထားသည်။

### ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး အတွက် အလွန်အရေးပါသော ကဏ္ဍဖြစ်သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် မိုးရွာသွန်းမှု၊ အပူချိန်၊ ရေအရင်းအမြစ်နှင့် သီးနှံအထွက်နှုန်းတို့အပေါ် သက်ရောက်မှုရှိနိုင်သဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံမျိုးများ အသုံးပြုခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လက်တွေ့အသုံးချခြင်းတို့ဖြင့် အယ်လ်နီညိုသက်ရောက်မှု၏ ဆိုးကျိုးများကို လျော့ချနိုင်မည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များကို ရင်ဆိုင်နိုင်သော စိုက်ပျိုးရေးစနစ်တစ်ခု တည်ဆောက်နိုင်ပါက မြန်မာ့စိုက်ပျိုးရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အပံ့ကောင်းဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **“မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ စားဝတ်နေရေးအတွက် အလွန်အရေးပါသောကဏ္ဍဖြစ်သည်။ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် မိုးရွာသွန်းမှု၊ အပူချိန်၊ ရေအရင်းအမြစ်နှင့် သီးနှံအထွက်နှုန်းတို့အပေါ် သက်ရောက်မှုရှိနိုင်သဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံမျိုးများ အသုံးပြုခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လက်တွေ့အသုံးချခြင်းတို့ဖြင့် အယ်လ်နီညိုသက်ရောက်မှု၏ ဆိုးကျိုးများကို လျော့ချနိုင်မည်ဖြစ်သည်။”**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဖြည့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစိုးစိမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပုသိမ်မြို့၌ (၃၉) ကြိမ်မြောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ပုသိမ် နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌ (၃၉) ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိဦးမောင်ကြီး တန်ဆောင်း၌ ကျင်းပသည်။

မသိုးသင်္ကန်း ကပ်လှူပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ မသိုးရွှေကြာသင်္ကန်းကိုပင့်ဆောင်၍ စေတီတော်မြတ်ကြီးကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး ဦးမောင်ကြီး တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ (၃၉) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ နှစ်သိမ့်ဆုရရှိသည့် ရက်ကန်းစင်များကို တာဝန်ရှိသူများက လည်းကောင်း၊ တတိယဆုရရှိသည့် စကားဝါ ရက်ကန်းအဖွဲ့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် စံပယ်ရက်ကန်းအဖွဲ့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ ပထမဆုရရှိသော ပိတောက်ရက်ကန်းအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်ပွဲအခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၄**

၁၃၈၈ ခု တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၇) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီး၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ နံနက်အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွှေးနံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေ သပွာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်းခဲဖွယ် ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီးရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်များကို ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့က ပင့်ဆောင်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူပူဇော်လှူဒါန်းကြသည်။

ယင်းနောက် မသိုးမြတ်သင်္ကန်းရက်လုပ်ခဲ့ကြသည့် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ စသည့် ရက်ကန်းပညာရှင်များအဖွဲ့၊ ကိုးလုံးဒါယကာရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA)အသင်း၏ ဒုတိယအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မြစ်ကြီးနား နိုဝင်ဘာ ၂၄**

၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ဒုတိယအကြိမ်မြောက် ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA)အသင်းကကြီးမှူးကျင်းပသည့် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ယမန်နေ့ ညနေ ၄ နာရီခွဲက အောင်ဇေရန်အောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲကို မြစ်ကြီးနားမြို့ပေါ်ရှိ ရက်ကန်းအဖွဲ့ပေါင်းခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ပူဇော်ကြခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်ဇော်ထွေးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် YMBA အသင်းဥက္ကဋ္ဌက ဒုတိယအကြိမ် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒိုင်ချုပ်က ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး အောင်ဇေရန်အောင်ကျောင်းတိုက်ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် YMBA အသင်းဥက္ကဋ္ဌတို့က မသိုးသင်္ကန်းပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြိုင်ပွဲဝင်ရက်ကန်းအသင်းများက စတင်ရက်လုပ်ယှဉ်ပြိုင်ကြရာ ဒေသခံပြည်သူများနှင့် အိုးစည်ဒိုးပတ် အကအဖွဲ့များက မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ကခုန်အားပေးကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ပြည်နယ်ရဲတပ်ဖွဲ့မိသားစုများနှင့် ရပ်ကွက်အသီးသီးမှ နိဗ္ဗာန်ဈေးဖွင့်လှစ်၍ မြန်မာ့ရိုးရာအစားအစာများ ဧည့်ခံကျွေးမွေးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အတူ ယနေ့ နံနက် ၈ နာရီက အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်သံဃနာယက အကျိုးဆောင် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရက်ကန်းအသင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆုများချီးမြှင့်ရာ နှစ်သိမ့်ဆုရပြိုင်ပွဲဝင် ရက်ကန်းအသင်းများအား YMBA အသင်းဥက္ကဋ္ဌက လည်းကောင်း၊ တတိယဆုရအသင်းအား ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရ ရက်ကန်းအသင်းအား တိုင်းမှူးကလည်းကောင်း၊ ပထမဆုရ ရက်ကန်းအသင်းအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် YMBA အသင်းဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**



**အိမ်တွင်းသုံးရေချွေတာရေး**

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



**အိမ်တွင်းသုံးရေချွေတာရေး**

ရေချိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

## တောင်ငူမြို့ လောကုတ္တရာစေတီတော်မြတ်ကြီး စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲနှင့် အထွေထွေလှူဒါန်းမှုများအတွက် ရေစက်ချအခမ်းအနားကျင်းပ



တောင်ငူ နိုဝင်ဘာ ၂၄

မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် လောကုတ္တရာ စေတီတော်မြတ်ကြီး စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲနှင့် အထွေထွေလှူဒါန်းမှုများအတွက် စုပေါင်းရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက လောကုတ္တရာစေတီတော် ရင်ပြင်တော်၌ ကျင်းပရာ အလှူရှင်မိသားစုနှင့် ဧည့်ပရိသတ်များက သံဃာတော်အရှင်သူမြတ်များ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝေဠုဝန်စာသင်တိုက်ရှိ ဝေဠုဝန်သိမ် အသစ်ပြန်လည် တည်ဆောက်ပြီးစီး၍ ရေစက်ချလှူဒါန်းခြင်း၊ တောင်ငူမြို့သာသနာ့ဓမ္မာန်ကြီး၌ သက်ကြီးဘိုးဘွား ၁၈၆၀ အား ဂွေကျပ်သိန်း ၁၉၃၅၀၀၀၀ ခန့် ထောက်ပံ့လှူဒါန်းပေးအပ်ခြင်းနှင့် သိတဂူ ဗုဒ္ဓတက္ကသိုလ်၌ လှူဒါန်းတည် ဆောက်ပြီးစီးသည့် ဘုရင့်နောင် ခန်းမဆောင်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဓော်ကိုကို (တောင်ငူ)

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်

ကျိုက်ထို နိုဝင်ဘာ ၂၄

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက်က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥာဏ်ထွန်းနှင့် အဖွဲ့ဝင်များ၊ မသိုးသင်္ကန်းရက်ခတ်မည့် အဖွဲ့များနှင့် ဘုရားဖူးပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ကာ မသိုးသင်္ကန်းရက်လုပ်မည့်စင်တော်အား ကျိုက်ထီးရိုးဂေါပကအဖွဲ့ဥက္ကဋ္ဌက အမွေးနုံသာရည်များပက်ဖျန်းပြီး ရက်ကန်းခတ်မည့်သမီးပျိုများက မသိုးသင်္ကန်းများကို ရက်လုပ်ခဲ့ကြသည်။

ထို့နောက် ရက်ကန်းခတ်ပြီးပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ဆုငွေများပေးအပ်ကာ ရက်ကန်းခတ်လုပ်ပြီးသည့် မသိုးသင်္ကန်းများကို ဆံတော်ရှင်ကျိုက်ထီးရိုးစေတီရင်ပြင်၌ ပူဇော်ထားရှိသော ဗုဒ္ဓမြတ်စွာဘုရားများအား ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ချောင်းဆုံမြို့နယ် ကွမ်သဲကျေးရွာ၌ (၆၅)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပ



ချောင်းဆုံ နိုဝင်ဘာ ၂၄

ချောင်းဆုံမြို့နယ် ကွမ်သဲကျေးရွာတွင် တန်ဆောင်မုန်းလပြည့်နေ့ ရောက်တိုင်း ဆွမ်းကြီးလောင်းပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပျက် ကျင်းပရာ ယနေ့နံနက်ပိုင်းက (၆၅)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော်ကို ကွမ်သဲကျေးရွာ လမ်းမကြီး တစ်လျှောက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဆွမ်းကြီးလောင်းပွဲတော်တွင် ဒေသခံများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်အပါး ၂၀၆ ခန့်ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ရွာလမ်းတစ်လျှောက် လောင်းလှူခြင်း၊ စာရေးတံမဲဖောက် လှူဒါန်းခြင်းနှင့် ဆရာတော်၊ သံဃာတော်များကို နေအိမ်များသို့ ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်ဖြတ် နာယူခြင်းများ ပြုလုပ်ကြပြီး ညနေပိုင်းတွင် စတုဒိသာမဏ္ဍပ်များဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ်ရက်လုပ်ပြီင်ပွဲ၊ ကပ်လှူပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ဇလွန် နိုဝင်ဘာ ၂၄

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ်ရက်လုပ် ပြီင်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက်က ပြည်တော်ပြန် မြတ်စွာဘုရားကြီး ကိုးဘုံတန်ဆောင်းတော်ကြီး အတွင်း ကျင်းပရာ ကိန္နရီစင်၊ သမ္ဘူလစင်၊ မယ်မဒ္ဒီစင်၊ အမရာစင် တို့မှ စတင်ရက်လုပ်ပြီင်ခဲ့ကြပြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး တွင် တန်ဆောင်တိုင်မီးထွန်း ပူဇော်ပွဲကို ကျင်းပသည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရား ကြီး၏ (၅၅)ကြိမ်မြောက် မသိုး သင်္ကန်းတော်မြတ် ရက်လုပ် ကပ်လှူပူဇော်ပွဲကို ယနေ့နံနက်က ပြည်တော်ပြန်မြတ်စွာဘုရား ကြီး၏ ဂန္ဓကုဋိတိုက်၌ ကပ်လှူ ပူဇော်ခဲ့သည်။

ထို့နောက် မသိုးသင်္ကန်းတော် မြတ် ရက်လုပ်လှူဒါန်းထား သော မသိုးသင်္ကန်းတော်မြတ်အား မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဆက်ကပ် ပူဇော်ပြီး နံသာကိုးမျိုးဖြင့် မျက်နှာတော်သစ် ရောင်တော် ဖွင့်ခဲ့သည်။ ယင်းနောက် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာ ဘုရားကြီးအားဆရာတော် သံဃာတော်များခြံရံပြီး ဘုရားအနေ ကဓာ တင်မြောက်ခြင်းပြုလုပ်၍ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ မုန့်ဆွမ်းကိုးမျိုး ကပ်လှူပူဇော်ခဲ့ကြသည်။

ယင်းနောက် ပထမဆုရ အမရာစင်၊ ဒုတိယဆုရ မယ်မဒ္ဒီစင်၊ တတိယဆုရ ကိန္နရီစင်၊ စတုတ္ထဆုရ သမ္ဘူလစင်တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သူနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြပြီး တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီး ပူဇော်ပွဲနှင့် ဖျော်ဖြေရေးအစီ အစဉ်များ ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

## မဟာအောင်မြေမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြို့နယ်ပြည်သူ ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက စိန်ပန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် အဘိတဲဆေးဓာတ်ခြင်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဇော်မင်း



### အိမ်တွင်းသုံးရေ ချွေတာရေး



အသုံးပြုပြီးသည့်ရေကို ပြန်လည် သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီး ဟင်းရွက် ဆေးကြော ထားသော ရေများ၊ ဆန်ဆေးရည် များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

### သုံးရေ ချွေတာသုံးစွဲရေး



ခြောက်သွေ့မှုဒဏ် ခံနိုင်သော အပင်များကို ရွေးချယ် စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်း ဖြင့် ရှင်သန်နိုင်သော အပင် များကို ရွေးချယ်စိုက်ပျိုးပါ။

## ကျွန်းစုမြို့၌ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျွန်းစု နိုဝင်ဘာ ၂၄

ကျွန်းစုမြို့နယ်တွင် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ပွဲတော်ကို မြို့အဝင်ဆိပ်ကမ်း၌ ယမန်နေ့ညတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့ပြင် မြို့ဦးသံသရာစေတီ၌လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားဖူးပြည်သူများအတွက် မုန့်ဈေးတန်းများ၊ စားသောက်ဖွယ်ရာဆိုင်များ ဖွင့်လှစ်ရောင်းချ၍ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မီးရှူးမီးပန်းများကို ကောင်းကင်ယံသို့ ပစ်လွှတ်ဖောက်ခွဲဖျော်ဖြေခဲ့ရာ ရောင်စုံမီးရောင်များဖြင့် လှပတင့်တယ်နေသော မြင်ကွင်းများကို ပြည်သူများက ပျော်ရွှင်စွာ ကြည့်ရှုခံစားခဲ့ကြသည်။

တန်ဆောင်မုန်း လပြည့်ညတွင်လည်း ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရောင်စုံမီးရှူး၊ မီးပန်းများ လွှတ်တင်ခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)



## သထုံရွှေစာရံစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

သထုံ နိုဝင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူ ဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၏ ၁၃၈၈ ခုနှစ် မြို့လုံးကျွတ် တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို ယနေ့နံနက်က စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက် အသီးသီးတို့မှ ကြွရောက်တော် မူလာကြသည့် သံဃာတော်နှင့် သီလရှင်များအား စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ စီမံမှုဖြင့် အလှူရှင်များက ဆွမ်းဆက်ကပ်ကြသည်။

ဆွမ်းကြီးလောင်း ပွဲတော်တွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးပြိမ်းနှင့် တာဝန်ရှိသူတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြကာ စေတီတော်မြတ်၏ နာယက ဆရာတော်ကြီးကိုးပါး ဦးဆောင်သည့် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၃၅၄ ကျောင်းနှင့် သီလရှင်ကျောင်း ၁၀၆ ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၃၂၆ ပါး တို့အား သထုံမြို့နယ်အတွင်းရှိ ပြည်သူအပေါင်းတို့က ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်များကို စိတန်းလောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ခရိုင်(ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ်၌ (၇၇) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၂၄

ကျိုက်ထိုမြို့နယ်၌ (၇၇) ကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်ပေါလော မဲ့ရှင်တော်ဘုရားလမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံစေတနာရှင်ပြည်သူများက သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၀၀၀ ကျော်တို့အား အလှူငွေများ၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလောင်းလှူခဲ့ကြသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ အကြိမ် (၃၀)မြောက် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဘီးလင်း နိုဝင်ဘာ ၂၄

ဘီးလင်းမြို့နယ်၌ ကန်သာယာရပ်ကွက်လုံးဆိုင်ရာ အကြိမ်(၃၀)မြောက် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ မွန်းလွဲပိုင်းမှ စတင်ကာ စည်ကားစွာ ကျင်းပသည်။



ဘီးလင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၁ ကျောင်းမှ ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာလေး အပါး ၈၀၀ ကျော်တို့အား တပ်ဦးဝေဠုဂန်ဘုန်းတော်ကြီးကျောင်းမှ စတင်ကာ ဘီးလင်းပြည်သူ့ဆေးရုံရှေ့လမ်းတစ်လျှောက်ရှိ မဏ္ဍပ်အသီးသီး၌ စာရေးတံမဲဖောက်လှူဒါန်းခြင်းနှင့် စေတနာရှင် အလှူရှင်များက ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ဖြင့် လောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

ထန်းတပင် နိုဝင်ဘာ ၂၄

ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါလှုင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးမြဦးတို့က လုပ်ငန်းရှင်များအား အခွန်ကဏ္ဍ တစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ အဆိုပါလှုင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့်



အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် အခွန်ထမ်းဦးရေ စုစုပေါင်း ၃၅ ဦး တက်ရောက်သည်။

ဧင်မင်းထိုက်(ထန်းတပင်)

## မော်လမြိုင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မော်လမြိုင် နိုဝင်ဘာ ၂၄

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ ရက်က မင်းရွာကျေးရွာအခြေခံပညာမူလွန်ကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာသင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ခြင်း၊ အပူဒဏ်လွန်ကဲခြင်း စသည့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး ရေရှားပါးခြင်းနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့် အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန် ရှောင်ရန်များ၊ ဖြစ်ပွားချိန်တွင် လိုက်နာရန်အချက်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာသုံးစွဲကြရန် လိုက်နာရမည့်အချက်များကို အသိပညာပေး ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးဟောပြောပြီး သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်နိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အထွေး



## ကျောင်းကုန်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

ကျောင်းကုန်း နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် မြန်အောင်စုကျေးရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက မျိုးကောင်းမျိုးသန့်စိုက်ပျိုးမှ စပါးအထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း၊ ကြွေခင်းစနစ်ပယောက်စေရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က လောင်းကစားပြဿနာများ ပြေလုပ်မှု ရှောင်ရှားနိုင်ကြရန် သတိထားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဌာနဆိုင်ရာများက အသီးသီးဆွေးနွေးကြပြီး ဆီထွက်သီးနှံ ပဲပုပ်နှင့် နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



## တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၃၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ပူဇော်ပြိုင်ပွဲကျင်းပ

တွံတေး နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး (၁၃၁)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ပူဇော်ပြိုင်ပွဲကို ယမန်နေ့က ရွှေဆံတော်စေတီရင်ပြင်ရှိ ဒေါ်ပုံချစ်တီး တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ မသိုးသင်္ကန်းရက်ခတ်ပူဇော်သော ရက်ကန်းစင်များဖြစ်သည့် ယသော်ဓရာ၊ ဝိသာခါ၊ ပဝဝတီ၊ မဒ္ဒီဒေဝီ၊ သုဇာတာ၊ အမရာ၊ သဒ္ဓါလစင်များဖြင့် ယခုနှစ်တွင် ရက်ကန်းစင် ခုနစ်စင် ရက်လုပ်ပူဇော်ပြီးသော သင်္ကန်းများအား ရွှေဆံတော်စေတီတော်မြတ်ကြီးအား မသိုးသင်္ကန်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် ဌာနဆိုင်ရာများ၊ ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့နှင့် ရက်ကန်းခတ်အဖွဲ့များ၊ ပြည်သူများက မသိုးသင်္ကန်းများ ပင့်ဆောင်၍ ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ မသိုးသင်္ကန်းများအား ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထက်ပစ္စယံတွင် ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မြတ်နိုးဖွယ်ရာ စာအုပ်စာပေပါ

မောင်အောင်

**စာနယ်ဇင်းများနှင့် ဘကြီးအောင် စတင်ဆုံတွေ့ရသောအချိန်သည် ၁၉၆၅ - ၁၉၆၆ ခုနှစ်၊ ဘကြီး အောင်အသက် ၁၂ နှစ်/ ၁၃ နှစ်အရွယ်က ဖြစ်ပါသည်။ အဲဒီအချိန်က ဘကြီးအောင် ဆန္ဒမတန်း (၆ တန်း) တက်သည့်အချိန်ဖြစ်ပါသည်။ ထိုနှစ်က ဘကြီးအောင်တို့ ကျိုက်လတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူရည်ချွန်ဂုဏ်ပြုပွဲ ပြုလုပ်ပါသည်။ အဲဒီနှစ်က ဗျာပုံတစ်ခရိုင်လုံးတွင် ကျိုက်လတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသား မောင်သန်းထွန်းဝေ လူရည်ချွန်ဆုရရှိပါသည်။**

အပြာရောင်အင်္ကျီ၊ နက်ပြာရောင် ဘောင်းဘီရှည်၊ ကင်းဘတ်ဖိနပ်အဖြူ၊ ဦးထုပ်အဖြူ ဆောင်းထားသည့် လူရည်ချွန်သန်းထွန်းဝေကို ဂုဏ်ပြုချီးမြှင့်စကားပြောပြီး ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုဆုချီးမြှင့်သည့်အခါ ဘကြီးအောင်တို့ အထူးလေးစားအားကျ ဂုဏ်ယူမိပါသည်။ သတ္တမတန်း ရောက်လျှင် လူရည်ချွန်ဆုရရှိအောင် ကြိုးစားမည်ဟု ဘကြီးအောင် သန္နိဋ္ဌာန်ချမှတ်ခဲ့မိပါသည်။

မမီသည့်ပန်းကို တုံးခုၤ၍ လှမ်းလိုခြင်းမဟုတ်ပါ။ ကျောင်းစတက်သည့်နေ့ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်မှုကြောင့် ဘကြီးအောင် စာကြိုးစားခဲ့ပါသည်။ အတန်းတိုင်းတွင် ပထမဆုက ဘကြီးအောင်အတွက် အမြဲဖြစ်ခဲ့ပါသည်။ ၁၉၆၂-၁၉၆၃ စာသင်နှစ်တွင် စကောလားရှစ် (Scholarship) စာမေးပွဲဖြေဆိုရပါသည်။ ဘကြီးအောင်တို့ ခေတ်တုန်းက ၄ တန်း၊ ၇ တန်း Scholarship (ပညာထူးချွန်ဆု) ပေးပါသည်။

Scholarship ရရှိသူသည် တစ်လလျှင် ၂၅ ကျပ်ခန့် ပညာသင်ထောက်ပံ့ကြေးရပါသည်။ ထိုအချိန်က ၉ တန်းကို High School Final (တန်းမြင့်ကျောင်းထွက်)ဟုခေါ်ပြီး ၄ တန်း၊ ၇ တန်း၊ ၉ တန်း အစိုးရစစ်ဖြစ်ပါသည်။ အစိုးရစစ်ဆိုသည်မှာ တစ်နိုင်ငံလုံး ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်မေးခွန်းဖြင့် ဖြေရခြင်းဖြစ်ပါသည်။ ဒသမတန်းသည်လည်း အစိုးရစစ်ဖြစ်ပါသည်။ အစိုးရစစ် ၉ တန်းအောင်လျှင် မူလတန်းပြဆရာ၊ လက်ထောက်မြို့ပိုင်အလုပ်များ လျှောက်ထား၍ ရပါသည်။

သို့သော်လည်း ဘကြီးအောင် ပညာရေးဝန်ကြီးဌာန၏ ပညာရေးစနစ်အပြောင်းအလဲများနှင့် ဆက်တိုက်ကြုံရပါသည်။ ၁၉၆၂ - ၁၉၆၃ ဘကြီးအောင် စတုတ္ထတန်းစာမေးပွဲဖြေဆိုသောအခါ အစိုးရစစ်စာမေးပွဲမဟုတ်တော့ဘဲ ကျောင်းစစ်သာဖြေဆိုရပါသည်။ အလားတူ ၁၉၆၅-၁၉၆၆ စာသင်နှစ် ဘကြီးအောင် သတ္တမတန်းရောက်သည့်အခါ အစိုးရစစ်စာမေးပွဲမဖြေဆိုရတော့ဘဲ ကျောင်းစစ်သာ ဖြေဆိုရပါသည်။

အလားတူပင် ၁၉၆၆ -၁၉၆၇ ခုနှစ် ဘကြီးအောင် အဋ္ဌမတန်းကို ကျောင်းစစ်ဖြေဆိုပြီးနောက် နောက်နှစ်မှစ၍ အဋ္ဌမတန်းမှာ အစိုးရစစ်ဖြစ်ခဲ့ပါသည်။ အလားတူပင် အစိုးရစစ်ဖြစ်ခဲ့သော နဝမတန်းသည် ဘကြီးအောင်တို့တက်ရောက်သည့် ၁၉၆၇-၁၉၆၈ ခုနှစ်တွင် အစိုးရစစ်မှ ကျောင်းစစ်ဖြစ်ခဲ့ပါသည်။သို့ဖြစ်၍ဘကြီးအောင်၏ ပညာသင်သက်တမ်း တစ်လျှောက် ကျောင်းစစ်များဖြစ်ခဲ့သည်။ စတုတ္ထတန်း၊ သတ္တမတန်း၊ နဝမတန်းများကို ဘကြီးအောင်တို့မဖြေဆိုရဘဲ ဒသမတန်း (၁၀) တန်းရောက်မှ ဘကြီးအောင်တို့ အစိုးရစစ်နှင့် ဆုံတွေ့ရပါသည်။ ဘကြီးအောင်တို့ မိသားစုတွင် ဘကြီးအောင်ထက် ၃ တန်းကြီးခဲ့သည့် အစ်မကြီးသည် အစိုးရစစ်များတွင် တစ်တန်းလျှင် နှစ်ကြိမ်စီဖြေရသဖြင့် အခြေခံပညာအထက်တန်း (၁၀ တန်း) စာမေးပွဲကို ဘကြီးအောင်နှင့်မှ အတူအောင်မြင်ပါသည်။

ဘကြီးအောင်တင်ပြလိုသည်မှာ လူရည်ချွန်နှင့် စာနယ်ဇင်းများအကြောင်းဖြစ်ပါသည်။ လူရည်ချွန်ဆိုသည်မှာ ကျောင်းသား ကျောင်းသူများထဲမှ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် ထူးချွန်သော ကျောင်းသား ကျောင်းသူများကို ရွေးချယ်၍ ထူးချွန်ဆုချီးမြှင့်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ လူရည်ချွန်သည် စာတော်ရုံသက်သက်ဖြင့် မရပါ။ ကာယအနေဖြင့် မီတာ ၁၀၀ အသွား၊ အပြန် ပြေးရပါသည်။ လက်ထောက်မှောက်၊ ဘားတန်းဆွဲ၊ ဗိုက်သားလေ့ကျင့်ခန်း တစ်မိနစ်လျှင် အကြိမ် ၂၀ အနည်းဆုံးလုပ်နိုင်ရပါသည်။ အထွေထွေဗဟုသုတ ဖြေရပါသည်။

သို့ဖြစ်၍ ကိုသန်းထွန်းဝေ လူရည်ချွန် ဂုဏ်ပြုပွဲပြုလုပ်ပြီးနောက် ဘကြီးအောင်တို့ လူရည်ချွန်ပိုးစတင်စွဲခဲ့ကြပါသည်။ လူရည်ချွန်ရရှိရေး မျှော်မှန်းခဲ့ကြပြီး လိုအပ်သည့်ကြိုးစားမှု၊ ဖြည့်ဆည်းမှု ပြုလုပ်ကြရပါသည်။ ထို့ပြင် ဗဟုသုတနှင့်ပတ်သက်၍ စာနယ်ဇင်းကိစ္စပါလာပါသည်။ "စာနယ်ဇင်း" ဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကို အတိုကောက်ခေါ်ခြင်းဖြစ်ပါသည်။ ဘကြီးအောင်တို့ ကျိုက်လတ်မြို့ဈေးထဲတွင် ဦးအေးမောင် စာနယ်ဇင်းရှိပါသည်။ ဘကြီးအောင်အလယ်တန်းကျောင်းသား ဘဝက အိမ်မှ တစ်နေ့လျှင် မုန့်ဖိုး ၁၀ ပြားသာ ပေးပါသည်။

ဘကြီးအောင်က နေ့တိုင်းမယူဘဲ တစ်လစာ သုံးကျပ်ယူပါသည်။ ထိုအချိန်က သတင်းစာ တစ်စောင်လေး ၇ ကျပ် ပြား ၅၀၊ ဒို့ကျောင်းသား စာစောင် ၂၅ ပြား၊ တေဇရုပ်စုံ ပြား ၅၀၊ ရွှေဆောင် လူငယ် ပြား ၆၀၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက် မဂ္ဂဇင်းများ တစ်အုပ်နှစ်ကျပ် ဖြစ်ပါသည်။ လူရည်ချွန်စာမေးပွဲတွင် ဗဟုသုတမေးခွန်းများဖြေဆိုနိုင်ရန် ဒို့ကျောင်းသား၊ ရွှေဆောင်လူငယ်စာစောင်များ ဘကြီးအောင်မုန့်ဖိုးထဲမှ ဝယ်ပါသည်။ သတင်းစာကိုတော့ အိမ်မှယူပေးပါသည်။ ထိုသို့ဖြင့် ဘကြီးအောင်တို့ အလယ်တန်း၊ အထက်တန်းကျောင်းသား ဘဝ လွန်ခဲ့သည့်နှစ် ၆၀ ခန့်က ဖြတ်သန်းခဲ့ရသည်ကို ပြန်လည်စဉ်းစားမိသည့်အခါ လွမ်းမောစရာပါ။ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများက စာဖတ်သူ ကျောင်းသားများအတွက် အဖော်မွန်ကောင်းများပါ။

ဘကြီးအောင် အလယ်တန်းကျောင်းသားဘဝ မှစ၍ ကျောင်းစာသာမက အပြင်စာများ ဖတ်ရှုလေ့လာခဲ့ပါသည်။ အထူးသဖြင့် ဘကြီးအောင်၏ မြန်မာစာဆရာများကြောင့်ဖြစ်ပါသည်။ ဘကြီးအောင်တို့ ပဉ္စမတန်းတွင် မြန်မာစာဘာသာရပ်၌ ဦးနရေးသည့်အာဇာနည်စာအုပ် သင်ကြားရပါသည်။ မြန်မာစာဆရာများမှာ ဦးလှကျော်ဖြစ်ပါသည်။ ဆရာက စာကိုကျက်ဖို့မဟုတ်ဘဲ စိတ်ဝင်စားဖို့၊ ရေးတတ်၊ တွေးတတ်ဖို့ သင်ကြားပေးပါသည်။ ဆဋ္ဌမတန်း မြန်မာစာပြဋ္ဌာန်းစာအုပ်တွင် မင်းဘူးဆရာတော် ဦးဩဘာသာ၏ မဟော်သဓာတော်ကြီး၊ သတ္တမတန်းတွင် ဆရာတော်၏ ဝေယ္ယာဝစ္စရာဇာတ်တော်ကြီးများကို သင်ကြားရပါသည်။ မြန်မာစာဆရာက ဦးစိန်လှိုင်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ကို သဘောမျှသာ သင်ကြားပြီး မြန်မာစာနှင့်ပတ်သက်၍ နှစ်သက်ဖွယ်ရာအကြောင်းအရာများ ဆွေးနွေးပြောကြားသည်က အဓိကဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အချက်အချို့အား မေးခွန်းများမေးမြဲ ဖြေကြားစေပါသည်။

ဘကြီးအောင် အဋ္ဌမတန်းနှင့် နဝမတန်းတွင် မြန်မာကဗျာလက်ရွေးစင်နှင့် မြန်မာစကားပြေ လက်ရွေးစင်စာအုပ်များ သင်ကြားရပါသည်။ ကဗျာများကို တစ်ပုဒ်ချင်း အလွတ်ကျက်ရသည်မျိုးမရှိဘဲ ဝေဖန်ခြင်း၊ ဆင်တူယိုးမှား စပ်ဆိုခြင်းများ၊ ကဗျာရေးနည်းများ သင်ကြားရသကဲ့သို့ စကားပြေနှင့် ပတ်သက်၍လည်း ပြဋ္ဌာန်းစာအုပ်ပါအကြောင်း အရာများအား ဖတ်ပြဆွေးနွေးခြင်း၊ မေးခွန်းများ ဖြေကြားစေခြင်းတို့ဖြင့် မြန်မာစာသင်နည်းကို စိတ်ဝင်စားဖွယ် သင်ကြားပေးခြင်းဖြင့် ဘကြီးအောင်တို့ မြန်မာစာကို စိတ်ဝင်စားခဲ့ကြပါသည်။

ဒသမတန်း (အခြေခံပညာအထက်တန်း)တွင် မြန်မာစာကို ဆရာကြီးဦးချစ်ဆွေ သင်ကြားပါသည်။ ဆရာကြီးကလည်း မြန်မာစာနှင့်ပတ်သက်၍ သူ့အမြင်များ၊ ဝေဖန်ချက်များ၊ ဆွေးနွေးချက်များနှင့် ဘကြီးအောင်တို့ ကျောင်းသားများနှင့် အမြင်ချင်း ဖလှယ်ခဲ့ပါသည်။ အထူးသဖြင့် စာစီစာကုံးခေါင်းစဉ်များတွင် သမားရိုးကျခေါင်းစဉ်မျိုးမဟုတ်ဘဲ အတွေးသစ်၊ အမြင်သစ်များ ရရှိစေခြင်းဖြင့် ဘကြီးအောင်တို့ကို မြန်မာစာအပေါ် စိတ်ဝင်စားအောင် ဖန်တီးပေးခဲ့ပါသည်။

ထိုဆရာများ၏ ပြုစုပျိုးထောင်မှုကြောင့် ဘကြီးအောင် မြန်မာစာကိုချစ်ခဲ့ပါသည်။ စာနယ်ဇင်းများကို မြတ်နိုးခဲ့ပါသည်။ **"စာအုပ်စာပေ လူမိတ်ဆွေ"** ကို ဘကြီးအောင်တန်ဖိုးထားမိခဲ့ပါသည်။ ထိုဆရာများ၏ ကျေးဇူးသစ္စာကို အောက်မေ့သတိရရင်း မြန်မာစာကို မြတ်နိုးလေးစားစွာဖြင့် လေ့လာရေးသားခဲ့သဖြင့် ၁၉၇၃ ခုနှစ်တွင် လက္ခဏာ၏ အလင်းရောင်စာမူဖြင့် ဘကြီးအောင် စာပေဗိမာန်စာမူဆု စာပေဒေသာဆု(တတိယ) ရရှိခဲ့ပါသည်။ ထိုအချိန်က ဘကြီးအောင် အသက် (၂၀) တက္ကသိုလ်တတိယနှစ်တွင် ပညာသင်ကြားနေချိန်ဖြစ်ပါသည်။

ဘကြီးအောင် ဝါသနာအလျောက်စာပေကို လေ့လာရင်း ဝတ္ထုဆောင်းပါးများ ဆက်လက်ရေးသားခဲ့ရာ ၂၀၁၇ ခုနှစ်တွင် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုကို **"လူသားအကျိုးပြုလား"** စာမူဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုကို **"ကျေးလက်စီးပွားတိုးတက်ရေး ကျွဲ၊ နွား၊ ကြက်၊ ဝက်တိုးခဲ့မွေး"** စာမူဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် စာပေဗိမာန်စာမူဆုသုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ဒုတိယဆုကို **"နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နည်းများ"** စာမူဖြင့် ဘကြီးအောင် ရရှိခဲ့ပါသည်။

ဤကဲ့သို့ ဘကြီးအောင် စာပေဝါသနာပါခြင်း၊ ဖတ်ရှုခြင်း၊ ရေးသားခြင်းနှင့် စာပေဆုများ ရရှိခြင်းသည် ဘကြီးအောင်၏ အဖေဖြစ်သူက လူရည်ချွန်စာမေးပွဲများဖြေဆိုနေသူ ဘကြီးအောင်ကို အိမ်တွင် သတင်းစာလေးယူခြင်းဖြင့် ပံ့ပိုးပေးခဲ့သလို တက္ကသိုလ်စိန်တင်ရေးသားခဲ့သည့် ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်စာအုပ် ဝယ်ပေးချိန်ဖြင့်ခြင်းဖြင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းသား၊ ပန်းတနော်သား ဦးသန့်သည် ရိုးသားစွာကြိုးစားခဲ့သဖြင့် ကုလသမဂ္ဂဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး အမိမြန်မာပြည်၏ ဂုဏ်သိက္ခာကို မြင့်တက်စေခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ဒေသသား ဘကြီးအောင်လည်း စွမ်းသလောက်ဆက်လက်ကြိုးပမ်းရင်း အဖေ့ကျေးဇူးတရားများကို **"ရင်ထဲကအဖေနှင့်ပတ်သက်သည့် စာစုများ"** အဖြစ် မှတ်တမ်းတင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ပခုက္ကူဦးအုံးဖေကျမ်းစာပေ ဒုတိယဆုရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဘကြီးအောင်၏ ဘဝတွင် စာပေသည်သာအားထားရာ။ စာပေသည်သာ လမ်းပြကြယ်ပမာ၊ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းစေနိုင်သည့် မီးရှူးတန်ဆောင်အလင်းရောင်ဖြစ်သဖြင့် ဘကြီးအောင်က **"မြတ်နိုးဖွယ်ရာ စာအုပ်စာပေပါ"** ဟု မှတ်တမ်းပြုလိုပါကြောင်း။ ။

**"ဧရာဝတီတိုင်းသား၊ ပန်းတနော်သား ဦးသန့်သည် ရိုးသားစွာကြိုးစားခဲ့သဖြင့် ကုလသမဂ္ဂဌာနချုပ်တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး အမိမြန်မာပြည်၏ ဂုဏ်သိက္ခာကို မြင့်တက်စေခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ဒေသသား ဘကြီးအောင်လည်း စွမ်းသလောက်ဆက်လက်ကြိုးပမ်းရင်း အဖေ့ကျေးဇူးတရားများကို "ရင်ထဲကအဖေနှင့်ပတ်သက်သည့် စာစုများ"အဖြစ် မှတ်တမ်းတင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ပခုက္ကူဦးအုံးဖေကျမ်းစာပေ ဒုတိယဆုရရှိခဲ့"**

# ဗျူရိန့် ဂျော့ရှူအာပွဲစဉ်တွင် အကြိုတွဲဆိုင်းအဖြစ် ဝီလ်ဒါနှင့် ဘာကိုလေတို့ ထိုးသတ်မည်



ဟဲဗီးဝိတ်ဖိုက်တာ မာတင်ဘာကိုလေသည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဗဟိုမြို့၌ တိုင်ဆန်ဖျူရိန့်နှင့် အန်သိုနီ ဂျော့ရှူအာတို့ ထိုးသတ်မည့်ပြိုင်ပွဲ၌ အကြိုတွဲဆိုင်းအဖြစ် ကမ္ဘာချန်ပီယံဟောင်း ဒီယွန်တေဝီလ်ဒါနှင့် ထိုးသတ်သွားမည်ဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် ကွန်ဂို ဖိုက်တာ ဘာကိုလေသည် လေ့ကျင့်ရေး အစီအစဉ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် နုတ်ထွက်သွားသော ဩစတြေးလျ ဖိုက်တာ ကျိုင်းအိုပီတိုင်းယား၏ နေရာကို အစားထိုး ဝင်ရောက်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

ဘာကိုလေသည် ဖေဖော်ဝါရီလ အတွင်းက ထိုးသတ်ခဲ့သည့် ကျိုးဆက်ပါကားနှင့်ပွဲစဉ်၌ ဒုတိယအချိတ်တွင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ထားသည်။

အသက် ၃၁ နှစ်အရွယ် ရှုံးပွဲမရှိသေးသည့် ခရူဇာဝိတ်တန်းဖိုက်တာ အိုပီတိုင်းယားသည် ဟဲဗီးဝိတ်တန်း ပွဲဦးထွက်အဖြစ် ဝီလ်ဒါနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပြီးခဲ့သည့်သီတင်းပတ်တွင် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ခြင်း ဖြစ်သည်။

အသက် ၄၁ နှစ်အရွယ် WBC ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဝီလ်ဒါသည် လက်ရှိသက်တမ်းတစ်လျှောက် စုစုပေါင်းပွဲ ၅၀ ထိုးသတ်ထားရာ ၄၅ ပွဲနိုင်၊ လေးပွဲ ရှုံးနှင့် တစ်ပွဲသရေကျထားသည်။ ဝီလ်ဒါ သည် ၎င်း၏ နိုင်ပွဲ ၄၅ ပွဲတွင် အလဲထိုး နိုင်ပွဲ ရရှိမှု ၄၃ ပွဲအထိ ရှိထားသည်။

ဘာကိုလေသည် လက်ရှိကမ္ဘာ့သမားဘဝ စုစုပေါင်း ၂၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားပြီး ၂၁ ပွဲနိုင်၊ နှစ်ပွဲရှုံးနှင့် တစ်ပွဲ သရေကျထားသည်။ ဘာကိုလေ၏ နိုင်ပွဲ ၂၁ ပွဲတွင် အလဲထိုးနိုင်ပွဲ ရရှိမှု ၁၆ ပွဲအထိ ရှိသည်။

---




ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့် ပွဲစဉ် (၅) မှ ဘာစီလိုနာ၊ လီဗာပူး၊ ဘိုင်ယန်မြူးနစ်၊ မန်ယူ အသင်းတို့ ပါဝင်တဲ့ ဒုတိယနေ့ပွဲစဉ်တွေကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တိုက်ရိုက်တက်လှမ်းနိုင်ရေး ယှဉ်ပြိုင်ကြမယ့် ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့် ဒုတိယနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်



**ဆာဘာ VS ဘာစီလိုနာ** နံနက် ၁း၁၅



အဇာဘိုင်ဂျန်ကလပ် ဆာဘာက ချန်ပီယံလိဂ်လေးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ဘာစီလိုနာကို မဖြစ်မနေ နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ဘာစီလိုနာကလည်း နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရဖို့ အားစိုက်ကစားမှာပါ။ ဆာဘာအသင်း ခြေစွမ်းပြသနိုင်သော်ငြား ဘာစီလိုနာကို နိုင်ပွဲရဖို့ ခက်ခဲမယ်။



**ဘရုဂ်ဂေး VS လီဗာပူး** နံနက် ၂း၃၀



ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်ပြီး ဒီပွဲစဉ်မှာ နိုင်ပွဲရတဲ့အသင်း နောက်တစ်ဆင့်တက်လှမ်းဖို့ နီးစပ်သွားမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ နှစ်သင်းစလုံးမှာ ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ထိပ်တန်းအဆင့်ကစားသမားတွေရှိတာကြောင့် အမှားများတဲ့အသင်းက ပေးဆပ်မှုကြီးမားသွားနိုင်တယ်။



**စပို့တင်း VS မန်ယူ** နံနက် ၂း၃၀



စပို့တင်းက ခံစစ်တည်ငြိမ်ပြီး မန်ယူအသင်းက ခံစစ်တည်ငြိမ်မှုမရှိပါဘူး။ မန်ယူရဲ့ ခံစစ်က ချန်ပီယံလိဂ် လေးပွဲမှာ တစ်ပွဲနှစ်ဂိုးနှုန်းနဲ့ ရှုံးဂိုးအထိ ခွင့်ပြုပေးထားရတယ်။ စပို့တင်းရဲ့ ကစားအားကြောင့် အခက်တွေ့နိုင်ပေမယ့် နည်းပြသစ် ပိုချက်တီနိုရဲ့ ဒုတိယမြောက်ပွဲစဉ်မှာ မန်ယူအသင်း ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။

| ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့် ပွဲစဉ် (၅) (ဒုတိယနေ့) | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၆-၁၁-၂၀၂၆ | ကြာသပတေး | | | | | | |
| ဆာဘာ | vs | ဘာစီလိုနာ | နံနက် ၁း၁၅ | အောတီမက် | vs | ဗိုက်ကင်း | နံနက် ၂း၃၀ |
| ဆလာဗီယာ | vs | ဗီလာရီးရဲ | နံနက် ၁း၁၅ | ဘရုဂ်ဂေး | vs | လီဗာပူး | နံနက် ၂း၃၀ |
| | | | | အင်တာ | vs | စတုဂတ် | နံနက် ၂း၃၀ |
| | | | | လိုင်လီ | vs | ဘိုင်ယန် | နံနက် ၂း၃၀ |
| | | | | ဝီအက်စ်ကျ် | vs | ရှိုးမား | နံနက် ၂း၃၀ |
| | | | | ရွက်တာ | vs | ဗီနာဘာချီ | နံနက် ၂း၃၀ |
| | | | | စပို့တင်း | vs | မန်ယူ | နံနက် ၂း၃၀ |

---

## အီတလီနိုင်ငံမြောက်ပိုင်းတွင် ဆောင်းရာသီလူငယ်အိုလံပစ်ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြု




အီတလီနိုင်ငံမြောက်ပိုင်းတွင် ကျင်းပမည့် ၂၀၂၈ ခုနှစ် ဆောင်းရာသီလူငယ်အိုလံပစ်အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် ဒေသခံပွဲစီစဉ်သူများက နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ပဉ္စမအကြိမ်မြောက် ဆောင်းရာသီလူငယ်အိုလံပစ်အားကစားပြိုင်ပွဲကို ဒိုလိုမိုက်စ်နှင့် ဗဲလ်တယ်လီနာဒေသတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၏ တရားဝင်အမည်ကို Dolomiti Valtellina 2028 ဟု သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ အားကစားသမားပေါင်း ၁၆၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

---

## အေတီပီကမ္ဘာ့အဆင့် (၁) နေရာ၌ ဇဗဲရက်ဗ် ဆက်လက်ရပ်တည်



၂၀၂၆ ရာသီဝိတ် တင်းနစ်ပြိုင်ပွဲ Nitto ATP Finals ယှဉ်ပြိုင်ကစားပြီးချိန်တွင် အေတီပီကမ္ဘာ့အဆင့် ရပ်တည်မှု၌ ဂျာမနီထိပ်တန်း တင်းနစ်အကျော်အမော် အလက်ဇန္ဒြား ဇဗဲရက်ဗ်က ရမှတ် ၁၀၃၅၀ ဖြင့် အဆင့် (၁) တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ATP Finals ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော စပိန်ထိပ်တန်းတင်းနစ်ကစားသမား ကားလိုစ်အယ်ကာရက်ဇ်သည် ရမှတ် ၇၆၀၀ ဖြင့် အဆင့် (၃) တွင်သာ ရပ်တည်နိုင်ခဲ့သည်။ ဇဗဲရက်ဗ်သည် ATP Finals ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း အယ်ကာရက်ဇ်ကို ၂-၆၊ ၆-၇ (၇-၉) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

## ဒဗလျူတီအေကမ္ဘာ့အဆင့် (၁) နေရာ၌ အယ်လီနာ ရီဘာကီနာ ရပ်တည်



၂၀၂၆ ရာသီဝိတ်တင်းနစ်ပြိုင်ပွဲ WTA Finals ယှဉ်ပြိုင်ကစားပြီး ချိန်တွင် ဒဗလျူတီအေကမ္ဘာ့အဆင့် ရပ်တည်မှုတွင် ကာဇက်စတန်တင်းနစ်မယ် အယ်လီနာ ရီဘာကီနာက ၈၀၉၉ မှတ်ဖြင့် အဆင့် (၁) နေရာ၌ ဆက်လက် ရပ်တည်နိုင်ခဲ့သည်။

ရီဘာကီနာသည် ၂၀၂၆ ရာသီပြိုင်ပွဲ WTA Finals ကို ဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိသော်လည်း ဒုတိယနေရာမှ အနှစ် ဒရေဇာထက် ၂၉၃ မှတ်အသာဖြင့် အဆင့် (၁) နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။ WTA Finals နောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် အနှဒရေဇာသည် ပဂူလာ၊ ကိုကိုဂေါ့ဖ်နှင့် ဆာဘယ်လင်ကာတို့ကို ကျော်ဖြတ်ကာ အဆင့် (၂) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

## မွန်ဇာက ဖီအိုရင်တီးနားကို ဂိုးပြတ်အနိုင်ရ

အီတလီစီးရီးအေ၁ပွဲစဉ် (၁၂)မှ မွန်ဇာနှင့် ဖီအိုရင်တီးနားအသင်းပွဲစဉ်ကို U-Power အားကစားကွင်း၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ဇာက တိုက်စစ်ခြေစွမ်းပြပြီး သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ မွန်ဇာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ရမှတ် ၁၀ မှတ်ဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်လာခဲ့သည်။ ပြိုင်ဘက်ဖီအိုရင်တီးနားအသင်းက ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် တန်းဆင်းဇုန်အထက်တွင် တစ်မှတ်အသာဖြင့် ရပ်တည်နိုင်ခဲ့သည်။

■ မိုးဇက် – စုစည်းရေးသားသည်

# ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝ

အောင်မင်း(ကျန်းမာရေးပညာ)

**မြန်မာနိုင်ငံတွင် ကျန်းမာသော မျှော်မှန်းလူသက်တမ်း တဖြည်းဖြည်းမြင့်မားလာရာ သက်ကြီးပုဂ္ဂိုလ်များ ပိုမိုများပြားလာသည်နှင့်အမျှ သက်ကြီးဘဝလှပဖို့ကို ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝကို ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူစားသောက်တတ်ရန် အရေးကြီးပါသည်။**

အဘိုးအဘွားများ ပျော်ရွှင် တက်ကြွ သက်ကြီးဘဝကို ရရှိရန် အတွက် သင့်လျော်သည့်အာဟာရကို စားသုံးခြင်း၊ ကိုယ်ကာယလှုပ်ရှား မှုများပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ထိခိုက်ဒဏ်ရာမရရှိစေရန် ကာကွယ်ပေးခြင်း၊ ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားခြင်းတို့မှကာကွယ်ရန် ပြုမူနေထိုင်ခြင်း၊ စိတ်ကျန်းမာရေးကောင်းမွန်စေရန် ပြုမူနေထိုင်ခြင်းတို့ လိုအပ်ပါသည်။

**အာဟာရနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ**

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် သစ်သီး၊ သစ်ဥ၊ ပဲအမျိုးမျိုး၊ ခွံနှင့် နို့ထွက်ပစ္စည်းနှင့် လတ်ဆတ်သော သားငါးများကို စားသုံးသင့်ပါသည်။ ဝမ်းမချုပ်စေရန်အတွက် ဟင်းသီးဟင်းရွက်များ စားသုံးသင့်သလို တစ်နေ့လျှင် အနည်းဆုံး ရေခြောက်ခွက်မှ ရှစ်ခွက် (၂ လီတာခန့်) သောက်သုံးသင့်ပါသည်။ သက်ကြီးဘိုးဘွားများတွင် သွားမကောင်းသည့် ပြဿနာရှိသဖြင့် ဝါးရလွယ်ကူစေရန် သေးနုံ့သမျှ အသေးဆုံး လှီးဖြတ်၍ နူးညံ့ပျော့ပျောင်းအောင် ပြင်ဆင်ချက်ပြုတ်ပေးရန် လိုအပ်ပါသည်။ အစာစားချိန်တွင် မိသားစုဝင်တစ်ယောက်ယောက်က အဖော်ပြု၍ အတူစားသင့်ပါသည်။

**ကိုယ်ကာယလှုပ်ရှားမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များ**

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးပါက အသက်ကြီးခြင်းနှင့်အတူ ဖြစ်ပေါ်လာသော နာတာရှည်ရောဂါများကို ကာကွယ်ထိန်းသိမ်းပြီး ပျော်ရွှင်တက်ကြွသည့် သက်ကြီးဘဝရရှိနိုင်မည်ဖြစ်ပါသည်။ ကိုယ်ကာယလှုပ်ရှားမှုလေ့ကျင့်ခန်းများကို ပုံမှန်ဆောင်ရွက်ပါက ရောဂါများကို ကြိုတင်ကာကွယ်နိုင်ပြီး အသက်ကြီးရင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မသန်မစွမ်းဖြစ်မှုများကို နှောင့်နှေးစေသည့်အပြင် အချို့သောရောဂါကုသမှုအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

**ထိခိုက်ဒဏ်ရာရရှိခြင်းမှ ကာကွယ်ခြင်း**

သက်ကြီးပုဂ္ဂိုလ်များသည် မျက်စိမှုန်ခြင်း၊ နားလေးခြင်းတို့ကြောင့် လည်းကောင်း၊ ကြွက်သားအားလျော့နည်းမှုနှင့် အရိုးအဆစ်များ ခိုင်မာမှုကျဆင်းလာသောကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်ဟန်ချက် မထိန်းနိုင်ခြင်း၊ အပူအအေးသိမှုကျဆင်းလာခြင်းတို့ကြောင့် ထိခိုက် ဒဏ်ရာများ ပိုမိုရရှိလာနိုင်ပါသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ ပတ်ဝန်းကျင်တွင် မြင်သာထင်သာသော အရောင်များသုံးရမည်။ ထိခိုက်ဒဏ်ရာရရှိနိုင်သော အတားအဆီး ပစ္စည်းများကို ဖယ်ရှားထားရမည်။ အလင်းရောင်ကောင်းစွာရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည်။ ချော်လဲနိုင်သော ဖိနပ်များကို မစီးစေရ။ ဖမ်းကိုင်၊ ဆုပ်ကိုင်နိုင်မည့်ပစ္စည်းများ၊ တန်းများ ထားပေးရမည်။ နားကောင်းစွာ ကြား၊ မကြား သိနိုင်အောင် နှစ်စဉ်စမ်းသပ်မှုခံယူရမည်။ မျက်မှန်ပါဝါကိုက်အောင် နှစ်စဉ်စမ်းသပ်ပေးရမည်။ တုတ်ကောက်၊ တောင်ဝှေးသုံး၍သွားလာရန် အားပေးရမည်။ လဲလျောင်းနေရာ၊ ထိုင်နေရာမှ ချက်ချင်း လျင်လျင်မြန်မြန်မထရန် သတိပေးရပါမည်။ ရုတ်တရက် သွေးပေါင်ချိန်ကျ၍ လဲကျနိုင်ပါသည်။

**ကင်ဆာရောဂါဖြစ်ပွားမှုမှ ကာကွယ်ခြင်း**

အသက်ကြီးလာသောအခါ ကင်ဆာဖြစ်စေသော မျိုးရိုးဗီဇများ ထကြွလာခြင်းကြောင့်လည်းကောင်း၊ ကင်ဆာမဖြစ်စေသော မျိုးရိုးဗီဇများ အားနည်းလာခြင်းကြောင့်လည်းကောင်း၊ မိမိသက်တမ်း တစ်လျှောက် ကြုံတွေ့သုံးစွဲခဲ့သော ကင်ဆာဖြစ်စေသည့်အကြောင်းများကြောင့်သော်လည်းကောင်း ကင်ဆာပိုမိုဖြစ်လာနိုင်ပါသည်။ အရက်ဖြတ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းနှင့် ကွမ်းဖြတ်ခြင်း၊ အသီးအရွက်များများစားခြင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်းတို့ကို ကြိုတင် ဆောင်ရွက်နိုင်ခဲ့ပါက သက်ကြီးရွယ်အိုဘဝတွင် ကင်ဆာရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်။

**နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ခြင်း**

ရင်ဘတ်အောင့်ခြင်း၊ ရင်တွင်းလေးလံလာခြင်း၊ အသက်ရှူမဝခြင်း၊ ဘယ်လက်မောင်းအောင့်လာခြင်း၊ ကျဉ်လာခြင်း၊ လည်ပင်းနှင့် မေးစေ့တစ်ဝိုက်တို့တွင် ကျဉ်လာခြင်းတို့သည် နှလုံးသွေးကြောကျဉ်း ရောဂါ၏ လက္ခဏာများဖြစ်ပါသည်။

**နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်နိုင်မည့်နည်းလမ်းများ**

ဆေးလိပ်မသောက်ပါနှင့်၊ ကွမ်းမစားပါနှင့်၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများခံစားနေရပါက စနစ်တကျဆေးဝါးကုသမှုခံယူပါ။ အဆီများလွန်းသောအစာ၊ အငန်များလွန်းသော အစာများနှင့် အချို များစွာစားသုံးခြင်းတို့ကို ရှောင်ကြဉ်ပါ။ လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ ဘာသာတရားကို ကျင့်ကြံအားထုတ်ပါ။

**သွေးတိုးရောဂါဖြစ်ခြင်းမှ ကာကွယ်ခြင်း**

သက်ကြီးပုဂ္ဂိုလ်များတွင် အပေါ်သွေး ၁၄၀ mmHg နှင့် အထက် ကျော်လျှင် သို့မဟုတ် အောက်သွေး ၉၀ mmHg ကျော်လျှင် သွေးတိုး ရောဂါရှိသည်ဟု သတ်မှတ်ပါသည်။ သွေးပေါင်မချိန်မီ အတန်အသင့် အနားယူချိန်ပေးပြီး နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်အထက် တိုင်းယူသင့်ပါသည်။ သက်ကြီးပုဂ္ဂိုလ်ဆေးခန်းများတွင် ထိုင်လျက်သာမက မတ်တတ်ရပ်လျက် သွေးပေါင်ချိန်ကို တိုင်းယူခြင်းဖြင့် မတ်တတ်ရပ်ချိန်တွင် သွေးပေါင်ကျခြင်းကို သတိပြုနိုင်ပါသည်။

သွေးကျဆေးများပေး၍ သွေးတိုးချိန်ညှိရာတွင် မတ်တတ်ရပ်ချိန် တွင်ရှိသော သွေးပေါင်ချိန်ကိုပါ ထည့်သွင်းစဉ်းစားမှ ပိုမိုထိရောက်စွာ ကုသနိုင်မည်ဖြစ်ပြီး မတ်တတ်ရပ်ချိန်သွေးပေါင်ချိန်လျော့ကျခြင်း ကြောင့် ခံစားရသည့် မူးနောက်ခြင်း၊ ယိမ်းယိုင်ခြင်း၊ လဲကျခြင်းများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**ရှောင်ကြဉ်ရမည့်အချက်များ**

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် မကူးစက်နိုင်သောရောဂါ များဖြစ်ခြင်းမှ ကာကွယ်တားဆီးနိုင်သည့်အပြင် ကိုယ်ရောစိတ်ပါ ကျန်းမာသန့်စွမ်းစေပါသည်။

**ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း**

ဆေးလိပ်သောက်ခြင်းကြောင့် နာတာရှည်ချောင်းဆိုးရောဂါများ အပြင် ကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုး ရောဂါများ၊ လေဖြတ်ခြင်းနှင့် အရိုးပွရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်သော အဘိုးအဘွားများအနေဖြင့် ဆေးလိပ်ဖြတ်ရန် လိုအပ်ပါသည်။

**ဆေးလိပ်ဖြတ်သည့်နည်းလမ်းများ**

- မီးခြစ်၊ ဆေးလိပ်ခွက်၊ ဆေးလိပ်စသည်တို့ကို မြင်သာသည့်နေရာ၌ မထားရပါ။
- အဘိုးအဘွားများရှေ့တွင် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။
- အဘိုးအဘွားများ ဆေးလိပ်ဖြတ်ခြင်းကို မိသားစုက ပိုင်းဝန်း အားပေးဖို့လိုပါသည်။
- ဆေးလိပ်သောက်ချင်စိတ်ပေါ်လာပါက စိတ်ပြေလက်ပျောက် တစ်ခုခုထလုပ်ပါ။ အာရုံပြောင်းပစ်လိုက်ပါ။

**အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း**

သက်ကြီးပုဂ္ဂိုလ်များအရက်သောက်ပါက နှလုံးရောဂါ၊ အသည်း ခြောက်ရောဂါ၊ အစာအိမ်အနာရောဂါများဖြစ်ခြင်း၊ ခြေလက်များ ထုံကျဉ်ကိုက်ခဲခြင်း၊ ပိုမို၍သတိမေ့လျော့လာခြင်း၊ မကြာခဏလိမ့်ကျ ခြင်း၊ ချော်လဲခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်းတို့ ပိုမိုဖြစ်ပွား တတ်ပြီး အရက်သမားသက်ကြီးပုဂ္ဂိုလ်တို့အား ပတ်ဝန်းကျင်မှ ရှောင်ကြဉ် လာတတ်ပါသည်။

**အရက်ဖြတ်ရန်လိုအပ်ချက်များ**

- မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများမှ ထောက်ခံအားပေးရပါမည်။
- အရက်၏ ဆိုးကျိုးများကို ဆွေးနွေးပညာပေးပြီး အကျိုးအပြစ်များ ဆန်းစစ်ရပါမည်။
- တတ်ကျွမ်းသူနှင့် တိုင်ပင်ဆွေးနွေးပြီးဆေးရုံတက်၍ အရက်ဖြတ်ပါက ပိုမိုကောင်းမွန်ပါမည်။

**စိတ်ကျန်းမာရေးကောင်းမွန်စေရန် လိုက်နာရမည့်အချက်များ**

သက်ကြီးပုဂ္ဂိုလ်များတွင် မှတ်ဉာဏ်စွမ်းအားလျော့နည်းခြင်း၊ သတိမေ့လျော့ခြင်း၊ သဘောပေါက် နားလည်နိုင်မှုအားနည်းလာခြင်း၊ စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်း၊ ငယ်မူပြန်ခြင်း စသည့် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ခံစားရလေ့ရှိပါသည်။

**မှတ်ဉာဏ်စွမ်းအားလျော့နည်းခြင်း**

မှတ်ဉာဏ်စွမ်းအားလျော့နည်းလာသော ရောဂါဖြစ်ခြင်း လျော့နည်းစေရန် ကျန်းမာရေးနှင့်ညီညွတ်၍ အာဟာရပြည့်ဝသော အစားအစာများစားခြင်း၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းခြင်း၊ စိတ်ဓာတ်တက်ကြွစွာနေထိုင်ခြင်း၊ စိတ်ဖိစီးမှုအားထိန်းသိမ်းခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ အိပ်ရေး ဝအောင်အိပ်ခြင်း၊ သက်ရွယ်တူများအချင်းချင်း ဆက်သွယ်ပြောဆို ခြင်း၊ အတတ်ပညာအသစ်များ လေ့လာသင်ယူခြင်းတို့ကို ဆောင်ရွက် သင့်ပါသည်။

မှတ်ဉာဏ်စွမ်းအား လျော့နည်းလာပါက အောက်ပါလက္ခဏာများ ကို ခံစားရမည်ဖြစ်ကြောင်းနှင့် ၎င်းလက္ခဏာများကိုခံစားရပါက ကျန်းမာရေးဝန်ထမ်းနှင့် ဆွေးနွေးတိုင်ပင်သင့်ကြောင်း ကျန်းမာရေး အသိပညာပေးရမည် -

- ယခင်ကျွမ်းဝင်ပြီးသော အလုပ်များကို ကောင်းမွန်စွာဆောင်ရွက် နိုင်ခြင်း၊ စကားပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိလာခြင်း၊
- မည်သည့်နေရာရောက်နေမှန်းမသိဘဲ မျက်စိလည်ခြင်း၊
- အချိန်စဉ်းစားမရဘဲ စိတ်ရှုပ်ထွေးစေခြင်း၊
- ဝေဖန်ပိုင်းခြားနိုင်စွမ်း လျော့နည်းလာခြင်း၊
- ပစ္စည်းများကို နေရာလွဲမှား၍ ချထားခြင်း၊
- စိတ်နေစိတ်ထားနှင့် အပြုအမူများပြောင်းလဲလာခြင်း၊
- စီးပွားရေး၊ လူမှုရေးစသည့် လုပ်နေကျလုပ်ငန်းများကို မလုပ်တော့ ခြင်း။

မိသားစုဝင်များအနေဖြင့် သက်ကြီးဘိုးဘွားများတွင် အဖြစ်များ သော မှတ်ဉာဏ်စွမ်းအားလျော့နည်းလာသောရောဂါကို စောစီးစွာသိရှိ စေရန် သက်ကြီးဘိုးဘွားများကို စိတ်ကျန်းမာရေးဆိုင်ရာ ဆန်းစစ်မှု များ ပုံမှန်စစ်ဆေးခံရစေမည်ဖြစ်ပြီး ကုသမှုနှင့် အထောက်အပံ့များ ရရှိစေရေး ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း ကျန်းမာရေးအသိပညာပေးရမည်။

**စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်း**

သက်ကြီးပုဂ္ဂိုလ်များသည် အကောင်းဖြင်ဝါဒကျင့်သုံးပြီး အပြု သဘောဆောင်သည့် အတွေးအခေါ်အပြုအမူများနှင့် နေထိုင်ရပါမည်။ စိတ်ကျန်းမာရေးကောင်းမွန်စေရန် သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် မိသားစု၊ သူငယ်ချင်းများနှင့်အတူ အချိန်များကုန်ဆုံးစေခြင်း၊ ပြဿနာ များအား အချင်းချင်းပြောပြခြင်း၊ စိတ်ဝင်စားစရာကောင်းသော၊ ပျော်ရွှင်ဖွယ်ကောင်းသော ဝါသနာများအား ရှာဖွေပြုလုပ်ခြင်းတို့ကို ကျင့်ကြံပြုမူနေထိုင်သင့်ကြောင်း အသိပညာပေးရမည်။

သက်ကြီးပုဂ္ဂိုလ်များ ဘဝ၏နေဝင်ချိန်ကို ကျန်းမာပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ရေးအတွက် မိမိတို့၏အနာဂတ်ကလေးငယ်နှင့် လူငယ် များကိုသာမက သက်ကြီးပုဂ္ဂိုလ်များကိုပါ ကျွန်တော်တို့အားလုံး ပိုင်းဝန်းပုံပိုး ကူညီစောင့်ရှောက်ပေးကြပါရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

**ရည်ညွှန်း -**

(၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ Elderly Health Care Project ၏ Power Point များ

(၂) ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်ထုတ် လူထိုင်းအိမ်တိုင်း ဆောင်ထား ကျန်းမာရေးအသိပညာများစာအုပ်

# (၅၁၆)နှစ်ပြည့် ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်အခမ်းအနားကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၅၁၆)နှစ်ပြည့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲ၊ အရာထမ်းဆွမ်းကပ်လှူဒါန်းခြင်း



နှင့် ရပ်ကွက်အဖွဲ့များအလိုက် (၉၅)ကြိမ်မြောက် နှစ်ကျပ်ရွှမ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲတွင် ဆုရရှိသည့် ရပ်ကွက်အဖွဲ့များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဗဟိုမဏ္ဍပ်၌ နံနက် ၈ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဝင်းခင်းသဘင် အခမ်းအနားတွင် နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ စိုးသူ၊ အကယ်ဒမီ ရဲအောင်၊ ကျော်ကျော်ဗိုလ်၊ ရတနာဗိုလ်၊ ဟိန်းဝေယံ၊ တိုင်ရွှန်ဖြိမ်းသော်၊ ဘုန်းမင်းနေလ၊ ဟွန်းနောင်နောင်၊ မိုးပြည့်ပြည့်မောင်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ချောရတနာ၊ ယွန်းရွှေရည်၊ မေလသံစဉ်၊ စိုးစန္ဒာထွန်း၊ ယမုံမြင့်မြတ်၊ ကီးကီးလေး၊ စိုးစိုးတို့က မြို့ရွှေနန်းသား ဇာတ်သဘင်အဖွဲ့သူ အဖွဲ့သားများနှင့်အတူ ဆင်ငါးစီး၊ မြင်းများဖြင့် ရာဇဝင်းခင်း၊ ဒေဝါဝင်းခင်းခဲ့ကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး – ဇနီး ဒေါ်ဝင့်ရည်အေးမိသားစုနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀၀ ခန့်က လာရောက်ကြည့်ရှုအားပေးကြသည်။

ဓော်ကိုကို(တောင်ငူ)

# မုဒုံမြို့နယ်အတွင်းရှိ ဘုရား၊ စေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

မုဒုံ နိုဝင်ဘာ ၂၄

တနင်္ဂဆောင်မုခ်းလပြည့်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ တနင်္ဂခိုးကြီးဘုရားများတွင် ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြို့နယ်အတွင်း၌ မီးထွန်းပွဲများ၊ ကထိန်သင်္ကန်းကပ်လှူပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများနှင့် သာမညဖလအခါတော်နေ့ပွဲတော်တို့ကို ကျင်းပကြကြောင်း၊ မြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်တမော့လေးစေတီ ဗုဒ္ဓပူနဓိယဘုရားပွဲတော်၊ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီး၊ ကန်ကြီးစေတီတော်၊ ကနံကလေးစေတီတော်၊ ကျိုက်ဇယ်စေတီတော် စသည့် ဘုရား၊ ပုထိုး၊ စေတီတော်များတွင် ဘုရားဖူးလာပြည်သူများက ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည့်အပြင် ကန်ကြီးမင်္ဂလာကန်တော် ကန်ပတ်လမ်းတစ်လျှောက်



လာရောက်အပန်းဖြေသူများ၊ ငါးစာကျွေးသူများနှင့် စတုဒိသာကျွေးမွေးနည့်ခံခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာယာဝတီမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာပေး

သာယာဝတီ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး



ဌာန အစည်းအဝေးခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သော တောင်သူများအား စနစ်တကျမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင်ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

သင်တန်းတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အေးမင်းဇော်က မွေးမြူရေးအကြောင်း မိတ်ဆက်ပို့ချခဲ့ပြီး ဘဲမွေးမြူရေး၊ တိုင်းရင်းကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဒေသန္တရာမွေးမြူရေး စသည့် ခေါင်းစဉ်အလိုက် တာဝန်ရှိသူများက ပို့ချခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

# ပြည်မြို့နယ် မော်ဇာကျေးရွာ၌ ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ပြည် နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မော်ဇာကျေးရွာရှိ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကျေးရွာ၌ စီမံချက်လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဆယ်အိမ်စုမှူး စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံကာ စီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် ကဏ္ဍကြီး (၅) ရပ်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များအား အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဆယ်အိမ်စုမှူး စေတနာ့ဝန်ထမ်းများအား တစ်ဦးလျှင်ဆီ တစ်ဘူးနှင့် ဆား တစ်ထုပ် နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၉၆၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာအတွင်းရှိ သက်ကြီးအဘွား သုံးဦးအား တစ်ဦးလျှင် ၄က်ပျောသီး တစ်ဖီး၊ ကြက်ဥ ၁၀ လုံး၊ ကွေကာအုပ် တစ်ထုပ်၊ ဖြည့်စွက်စာမှန့်, တစ်ထုပ်နှင့် ထောက်ပံ့ငွေကျပ် ၅၀၀၀၀



စီဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၅၈၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တောင်လုံးညီကျေးရွာအခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၇၀ အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၂၄၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



# ရွှေမြင့်မိုရ်တောင်၌ (၄၇)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ချောင်းဆုံ နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွှေမြင့်မိုရ်တောင်ခြေတွင် တန်ဆောင်မုန်းလပြည့်နေ့ ရောက်တိုင်း ဆွမ်းကြီးလောင်းပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပျက်ကျင်းပရာ နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက (၄၇) ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော်ကို ရွှေမြင့်မိုရ်တောင် တောင်ခြေတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဆွမ်းကြီးလောင်းပွဲတော်တွင် ဒေသခံများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၂၂၄ ပါးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းနှင့် စာရေးတံမဲဖောက် လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြပြီး မြို့နယ်အတွင်း ပျော်ရွှင်စရာ ကစားပွဲများပြုလုပ်ကာ စတုဒိသာမဏ္ဍာပ်များဖြင့် ဧည့်ခံကျွေးမွေးခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကဘဲရပ်ကွက်၌ နိုဝင်ဘာ ၂၄ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုင်းဇော်ဇော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြုံတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ဘုန်းမြတ်

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က)လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# တန်ဆောင်မုန်းလပြည့်နေ့၌ ကျိုက်ထီးဆောင်းစေတီ၌ ဘုရားဖူးသူများ စည်ကားလျက်ရှိ

ဘီးလင်း နိုဝင်ဘာ ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်သို့ ဘုရားဖူးသူများ၊ ရပ်ဝေးရပ်နီးမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီသို့ လာရောက်ဘုရားဖူးကြသောပြည်သူများအား ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားဝင်းအတွင်း၌ သက်သတ်လွတ် စတုဒိသာ၊ အကြော်စုံ၊ ရေခဲမုန့်၊ စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိပြီး ဘုရားဖူးပြည်သူများအနေဖြင့် နေ့ညမပြတ် ဆံတော်ရှင်ကျိုက်ထီးဆောင်းစေတီတော်သို့ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တန်ဆောင်မုန်းလပြည့်ညတွင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဘုရားများ၌ ပန်းရေချမ်း ဆီမီးကပ်လှူသူများ၊ စတုဒိသာအလှူများဖြင့် စည်ကား

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၄

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သာမညဖလအခါတော်နေ့ဖြစ်သည့် တန်ဆောင်မုန်းလပြည့်ညတွင် မြို့ပေါ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ပန်းရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ဓမ္မစကြာ ရွတ်ဖတ်ခြင်းများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကား လျက်ရှိသည်။



မြို့ပေါ်ရှိ အထင်ကရ ဘုရားစေတီများဖြစ်သည့် မြို့ဦးအောင်စေတီဘုရား၊ ဆုတောင်းပြည့်မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီးမင်္ဂလာစေတီဘုရား၊ မြတ်ရွှေဂူဘုရားနှင့် သက်တော်ရ/သက်တော်ရည် ဘုရားစေတီများတွင် ဘုရားဂေါပကအဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းများ၊ ပန်းရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ဓမ္မစကြာရွတ်ဖတ်ခြင်းများနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။ ဘုရားစေတီတိုင်းတွင် ဆေးဖက်ဝင် မယ်ဇလီဖူးသုပ်များ စတုဒိသာ ကျွေးမွေးခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသည့် ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိပြီး ကုန်းတော်ကြီးမင်္ဂလာစေတီဘုရားတွင် ဆီမီးတစ်ထောင် ကပ်လှူပူဇော်ခြင်းဖြင့် စည်ကား လျက်ရှိကာ မြို့ပေါ်လမ်းမများတွင်လည်း ငွေနှင့် အဝတ်အထည်၊ အသုံး အဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ စွန့်ကြဲပေးကမ်း အလှူဒါန ပြုလုပ်ကြသူများရှိရာ ပျော်ပွဲရွှင်မွန်းအဖြစ် လှည့်လည်အလှူခံကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# နောင်ချို့မြို့ သံသရာအေးစေတီတော်၌ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နောင်ချို့ နိုဝင်ဘာ ၂၄

မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ဆရာတော်၊ သံဃာတော်များအား အစဉ်အလာမပျက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သံသရာအေးစေတီတော်၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က သံသရာအေးစေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေဇာတင် ပူဇော်ခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဟော်တော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ သံဃာတော်များ ရွတ်ဖွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို နောင်ချို့မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား သဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြသည်။ ဆွမ်းဆန်စိမ်း လောင်းလှူရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက သဒ္ဓါတရား ထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိတ္ထီလာမြို့သမိုင်းဝင် မဟာဓမ္မရာဇိကရွှေမြင်တင်စေတီတော်၌ (၃၃)ကြိမ်မြောက် တန်ဆောင်တိုင် ဆီမီး လေးထောင် ထွန်းညှိပူဇော်ပွဲ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သမိုင်းဝင် မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်၌ (၃၃)ကြိမ်မြောက် တန်ဆောင်တိုင်ဆီမီး ထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၂၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့) ညနေ ၆ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ (၃၃)ကြိမ်မြောက် တန်ဆောင်တိုင်ဆီမီးထွန်းညှိပူဇော်ပွဲကို သမိုင်းဝင် မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်တွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ အလှူရှင်များ၏ အများစုပေါင်းလှုဒါန်းမှုဖြင့် ဆီမီးခွက်ပေါင်း လေးထောင်ခန့်ကို ထွန်းညှိပူဇော်ခြင်းဖြစ်ပြီး ၎င်းဆီမီးထွန်းညှိပူဇော်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

သိန်းဖြင့်ကျော်(မိတ္ထီလာ)



# မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည် -

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြင်ဦးလွင်မြို့နယ်ရှိ ဘုရား၊ စေတီများနှင့် အထင်ကရနေရာများ၌ တန်ဆောင်မုန်းလပြည့်နေ့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

ပြင်ဦးလွင် နိုဝင်ဘာ ၂၄

တန်ဆောင်မုန်းလပြည့် အခါသမယတွင် ပြင်ဦးလွင်မြို့နယ်ရှိထင်ရှားကျော်ကြားသော ဘုရားစေတီများနှင့် အထင်ကရနေရာများ၌ လာရောက်လည်ပတ်သူ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် စည်ကားလျက်ရှိသည်။

**ဘုရားဖူးလာပြည်သူများဖြင့် စည်ကား**

ပြင်ဦးလွင်မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့်ဘုရားများဖြစ်သည့် မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရားကြီးနှင့် နီးဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများအနေဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**အထင်ကရနေရာများ**

ထို့ပြင် အထင်ကရနေရာများဖြစ်သည့် ကန်တော်ကြီး၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ဒီဇင်ဘာခြံနှင့် ထင်ရှူးတော အစရှိသည့် နေရာများတွင်လည်း ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းအချိန်တွင်လည်း မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၌ မီးပုံးပျံလွှတ်တင်ခြင်းနှင့် နန်းမြို့ငံ၊ တိုင်းရင်းသားကျေးရွာ၊ ကျောက်တိုင်ကွင်း စသည့်နေရာများတွင်လည်း နာမည်ကြီးအဆိုတော်များ သီဆိုဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်ဓာရာတော်ရွတ်တရားတော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၀ သဒ္ဓါတရားကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ဆုံဆည်းရာ ဟရိဝေယတန်ဆောင်တိုင်
- ၀၉:၁၅ လူမှုစီးပွားဘဝပွဲဦးထိုက်တန်းသမဝါယမထုတ်ကုန်များရောင်းချရေး
- ၁၀:၃၅ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတ သတင်းဂုဏ်လင်္ဂါ(အပိုင်း-၁)
- ၁၁:၀၅ ကမ္ဘာ့စင်္ကြံးအနုပညာသတင်းများ
- ၁၁:၁၅ ကွန်ဝင်အလှပဘာဂီတ
- ၁၁:၃၀ MRTV National News

**mtv**

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar
- 07:09 The Art of Sand Painting
- 07:19 The Caves
- 08:37 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 08:26 May Fragrance of Flower Last Forever (SEAWFC Kyaw Hninn Si)
- 08:39 Commercial Farming to GDP Growth, Eugenia Grower
- 09:01 Tour Around in Myeik Archipelago
- 09:32 Discovering Tribes: Mon (Their Life and Customs) (Part-1)
- 09:54 Local Talents Show (5)

**Me**

- ၀၆:၀၀ အပွင့်၊ ဝမ္မပုဂတေးသီချင်းများ
- ၀၆:၃၀ ကာတွန်း "ချစ်စရာသိုးခေါင်းစု" (အပိုင်း-၂၆)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၃၅ မြန်မာဇာတ်လမ်းတို့ "ဘဝဖုန်းခိုး" (အပိုင်း-၄)
- ၀၇:၅၀ ဇတ်ဒီယိုတေးများ
- ၀၈:၃၀ Bollywood Hit Song (52)
- ၀၉:၁၀ ပထာဇ္ဇဝဝဏ္ဏဂ္ဂမုခနိဒါနာဒိဂါထာတော်ကြီး (ပထမပိုင်း)
- ၁၀:၃၅ ပထာဇ္ဇဝဝဏ္ဏဂ္ဂမုခနိဒါနာဒိဂါထာတော်ကြီး (ဒုတိယပိုင်း)

**MRTV NRC**

- ချင်း (ဖိုင်ဇီး) (၀၆:၀၀ မှ ၀၇:၀၀) ဖိုင်ဇယ်ဂါတြီသာမီးဗုတ်
- ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀) ကချင်ပြည်နယ်နှင့် ကချင်လုပ်ငန်းအကြောင်း
- မွန် (၀၈:၀၀ မှ ၁၀:၀၀) နိုင်ငံခြားအစီအစဉ်ပြည်နယ်ဆားထုတ်လုပ်မှု
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) မြန်မာပြည်တစ်လွှားလူထုလီးဒါဗီပင်လျှာများ (အပိုင်း-၁)
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ပင်လယ်ရှမ်းစကူး
- ၀ (၁၄:၀၀ မှ ၁၆:၀၀) ဟင်းနွေယိန်ဦးကုန်းမာလေး
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ဒေသပါက်လုပ်စားကြပေ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) အမျိုးသားအသိပေးအမှတ်ဥယျာဉ်ထဲတွ ချစ်ရာဂယားရိုရာဒီမ်ကလေး
- ဗမာကရင် ( ၂၀:၀၀ မှ ၂၁:၀၀) ထွန်းတောက်လာသောကြယ်စာရွတ် (ပထမဦးဆုံးအမျိုးသမီးလေယာဉ်မှူး)
- ဘညောက်ပိုးကရင် ( ၂၁:၀၀ မှ ၂၂:၀၀) ကရင်ဗာပတေးကားပြကြရအောင် (အပိုင်း-၂၂)
- ဘရှေ့ပိုးကရင် ( ၂၂:၀၀ မှ ၂၃:၀၀) ဝံတွင်ဖြိုင်ဝေပယ်ဒေါ်လေးခိုးကာရာ

**MRTV NEWS**

- ၀၆:၀၀ အပွင့်၊ တေးသီချင်း
- ၀၆:၀၅ လူ့ဝယ်ရာများအားဆား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၀၀ MRTV National News
- ၁၆:၀၀ သတင်းမုန်းကဏ္ဍ (LIVE)
- ၁၇:၄၅ နေ့စဉ်သန်းသိပ္ပံဒေတာ် (Razor)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ Festivals Around The World
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၇:၀၀ အပွင့်၊ အလံ
- ၀၇:၃၀ တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (Replay)
- ၂၀:၀၀ ပြည်တွင်းသတင်း (၂၅-၁၁-၂၀၂၆)

**MRTV FARMERS**

- ၀၆:၀၀ အပွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂ တောင်သူလယ်ယာများရေးရာသတင်း
- ၀၆:၂၅ နိုင်ငံဖိုးမြင့်မာစတိုးတက်ရေး MSME လုပ်ငန်းများအားဆမ်ပြင်တင်ဆောင်လှုပ်ဆေး
- ၀၈:၀၅ ကျေးလက်တည်တံ့ဖိုပြီးသော ဖိုက်နီးရေးရန်သို့
- ၁၀:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖာဖာဖြို့ပြ" (အပိုင်း-၁၂)

**MRTV SPORTS**

- ၀၆:၀၀ အပွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၃၅ Sports Diary
- ၀၇:၃၀ Weekly MNL Review
- ၀၈:၃၅ 33rd SEA Games (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ (Replay) (မြန်မာနှင့်ပထဝီသားများ)
- ၁၃:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio | Education Channel

ပရိသတ်အားလုံးကို ပညာရေးဆိုင်ရာ အစီအစဉ်များ ကြည့်ရှုလေ့လာနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။







## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၄

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/၈လ

## ဥတုရာသီ တောကိုမှီ၏။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ "စစ်ရေးပစ်မှတ်မဟုတ်တဲ့ ပြည်သူပိုင် အဆောက်အဦတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်ဖျက်ဆီးတိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

လာမည့်အပတ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် "**အာဏာရရေးအတွက်နဲ့ သန်း ၅၀ ကျော်သော ပြည်သူလူထုကို အလဲအလှယ်လုပ်ကြတော့မည့် နိုင်ငံရောင်းစားသူများ**" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း နှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ"အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



## အယ်လ်နီညို့ကာလအတွက် နွားစာကြို့တင်ပြင်ဆင်ပါ။

**ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။**

### အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျှော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



### ၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းချေလှေ့စက်ဖြင့် စပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသော ကောက်ရိုးကို စုစည်းပါ။
- မိုးမစိုစေရန်နှင့် မြေကြီးစိုထိုင်းမှု မဝင်စေရန် ဂရုပြုပါ။
- ကောက်ရိုးကို လုံလောက်စွာ ခြောက်သွေ့စေပြီးမှ ထုံးဖွဲ့ပါ။



### ၂ စနစ်တကျ သိမ်းဆည်းပါ

အစိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။

- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မိုတက်မှုနှင့် အပူချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။



### ၃ ကောက်ရိုးထုံးစက်ဖြင့် ထုံးပါ

- ခြောက်သွေ့သော ကောက်ရိုးကို စက်ဖြင့် စုဆောင်းဖိသိပ်၍ အိုင်းပုံ သို့မဟုတ် စတုရန်းပုံ အထုံးများ ပြုလုပ်ပါ။
- အထုံးအရွယ်အစားနှင့်အလေးချိန်ကို သယ်ယူ၊ စုပုံရန် အဆင်ပြေစွာရွေးချယ်ပါ။
- အထုံးများကို မိုးမစိုမိ သိုလှောင်ရာနေရာသို့ သချိန်မီ ပို့ဆောင်ပါ။



### ၄ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစား၊ သင့်လျော်သော အာဟာရပြည့်စုံကိစ္စနှင့် ရောကိုပါ ဖြည့်ဆည်းပါ။
- မွှိတက်ခြင်း၊ ပုပ်သိုးခြင်း သို့မဟုတ် အန္တမမှုန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။



### တောင်သူများ လိုက်နာဆောင်ရွက်ရန်

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မွှိတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရမျှတမှုနှင့် အစာအရည်အသွေးကိုဂရုပြုပါ။

**ကောက်ရိုးကို တန်ဖိုးမြှင့်၊ နွားစာစရိတ်လျှော့၊ မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။**

သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ဝက်မွှေးလယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ဝက်ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

**စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။**




## ၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ဂုရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ်စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံ ရေးဆွဲထားပါ။





## ၂ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကြိုတင်ထိုးနှံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။





## ၃ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ်သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မှိုဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





## ၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





## ၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသောဒေသများကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။






"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"

# အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်




ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာဖြန့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

## အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။




အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသော နေရာများတွင်နားနေပါ၊
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

## မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



## တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

## ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်ဘီးရောဂါများ ၊
- လက်ပတ်စပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ

စသည်တို့ ဖြစ်ပွားနိုင်ပါသည်။




ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

## ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်မှုအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင်စာမျက်နှာတစ်ဖက်တည်း၌ သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထားရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၂။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၂၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၁၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၀၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၄။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၇။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမဲ့အနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


ဘုံပိုင်ခေါင်းမှ ရေစက်ကျ မနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်း မပြုပါနှင့်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၅၂/မမ/CE | လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း(၁၀) မျိုး ဝယ်ယူရန် |
| ၂ | ၃၅၃/မမ/CE | ကျောက်မှုန့် (၃၀၃၆) ကျင်းအား အောက်ပါ ဘူတာတွဲပေါ် အရောက် ဝယ်ယူရန်။ (သိမ်ဖရေပ်= ၁၀၀၀ ကျင်း၊ မုပွလင်း= ၂၀၃၆ ကျင်း) |

တင်ဒါစိတ်ဝင်စားသူများ တင်ဒါစာအုပ်ကို ဒီဇင်ဘာ ၂၊ ၂၀၂၆ ရက်နေ့မှ စ၍ ရောင်းချပါမည်။ တင်ဒါစာအုပ်တစ်အုပ်၏ ဈေးနှုန်း ကျပ် ၁၀၀၀၀ ဖြစ်ပါသည်။ တင်ဒါစာအုပ်ကို ဒီဇင်ဘာ ၂၊ ၂၀၂၆ ရက်နေ့မှ စ၍ ရောင်းချပါမ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)
## ရွှေစာရံဘုရားလမ်း၊ ပုသိမ်ကြီးမြို့နယ် (မန္တလေး)
## (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၏ (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | - ၂ - ၁ - ၂၀၂၇ ရက်၊ (စနေနေ့) |
| (ခ) | အစမ်းလေ့ကျင့်မည့်ရက် | - ၁-၁-၂၀၂၇ ရက်၊ (သောကြာနေ့) |
| (ဂ) | ကျင်းပမည့်အချိန် | - နေ့လယ် (၁၃ : ၀၀) နာရီ |
| (ဃ) | ကျင်းပမည့်နေရာ | - မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| (င) | ဘွဲ့နှင်းသဘင်ဝင်ကြေး | - ၁၅,၀၀၀/- ကျပ် |
| (စ) | အဝေးရောက်ဘွဲ့နှင်းသဘင်ဝင်ကြေး | - ၁၀,၀၀၀/- ကျပ် |
| (ဆ) | လျှောက်လွှာစတင်လက်ခံမည့်ရက် | - ၂-၁၂-၂၀၂၆ ရက် |
| (ဇ) | လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် | - ၁၅-၁၂-၂၀၂၆ ရက် |

၂။ အဆိုပါ (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် အထူးပြု ဘာသာရပ်များအလိုက် စတုတ္ထနှစ် အောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာအောင်မြင်ခဲ့သူများ၊ မဟာဝိဇ္ဇာ (ဒုတိယနှစ်) အောင်မြင်ခဲ့သူများ၊ အသုံးချ ခစ်ဂျစ်တယ် အနုပညာဒီပလိုမာနှင့် အနုပညာဒီပလိုမာအောင်မြင်ခဲ့သူများအား ဘွဲ့ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါသည်။

၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူအမျိုးသားများသည် လည်ကတုံးရှုပ်နှင့် တိုက်ပုံ (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) သင်တန်း ရေးရာဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှုပ်နှင့် တိုက်ပုံဖြင့်လည်းကောင်း၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီ၊ နားရွက်ဖော်ဖြင့်လည်းကောင်း ရိုက်ကူးထားသော ( ၂ x ၁ $\frac{1}{2}$) လက်မအရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ ပူးတွဲလျက် သတ်မှတ် ရက်အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ ဘွဲ့ဝတ်စုံဌားရန် လျှောက်လွှာပုံစံများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်မှစ၍ သင်တန်းရေးရာဌာနမှ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၀၉ - ၂၅၆၃၀၅၃၃၊ ၀၉ - ၄၀၂၆၇၅၂၉၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဒေါ်ခင်ချမ်းစိုး)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
## ကြော်ငြာစာ

စက်မှုနှင့်အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၆)ကို (၇-၁၂-၂၀၂၆) ရက်မှ (၁၅-၁-၂၀၂၇) ရက်ထိ ရန်ကုန်မြို့ရှိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသည့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မည်သူမဆို (၂၉-၁၁-၂၀၂၆) ရက် (၁၆:၃၀) နာရီ နောက်ဆုံးထားရှိ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| လျှပ်စစ်စစ်ဆေးရေး ဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဌာန | - အမှတ်(၃၅)၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရန်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၆၆၄၂၈၉ |

## ဒီကရီကိုအတည်ပြုရန် အဓိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်. ၂၁ ၊ နည်းဥပဒေ ၂၂ )
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀ နှင့် ဆက်သွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဓာရီမှုအမှတ် -၃၇

ဒေါ်အေးသီတာ နှင့် ဦးတင်အေး
ဒီကရီအနိုင်ရသူ တရားရှုံး

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အမှတ်(၁၄-၁၄၃) နေ ဦးတင်အေး သိစေရမည်။

၂၀၂၆ ခုနှစ်၊ တရားကြီးမှုအမှတ် ၁၀ တွင် ကျရှိသည့် ဒီကရီအတိုင်း နည်းလမ်းတကျ မှတ်ပုံတင်ချုပ်ဆိုစေရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးသီတာ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အဓိန့်ကို ထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးသော်)
ခုတိယမြို့နယ်တရားသူကြီး(၃)
ပြင်ဦးလွင်မြို့

အဖိုးတန်ရေချိုး တန်ဖိုးထားထိန်းသိမ်းကြေးလို။

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေး ကြော်ငြာ

၁။ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှုးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော ဆိုင်ကယ်အပိုပစ္စည်း၊ ကားအပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက် ကုန်ပစ္စည်းများအား အောက်ပါ အစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူ (မြန်မာနိုင်ငံသား)များ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | နေ့ရက်/အချိန် | - ၁-၁၂-၂၀၂၆ ရက် နံနက် (၁၀:၀၀) နာရီ |
| (ခ) | နေရာ | - မန္တလေးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှုးရုံး၊ ကွဲဆည်ကန် (၁) လမ်းထိပ်၊ ၇ရ လမ်းပေါ်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| (ဂ) | ပစ္စည်းအမျိုးအမည် | - ဆိုင်ကယ်အပိုပစ္စည်း၊ ကားအပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ |
| (ဃ) | လေလံပုံစံရောင်းချခြင်း | - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်း စာရင်းပူးတွဲလျက်) တစ်စုလျှင် ကျပ် (၁၀၀၀၆/-) (ကျပ် တစ်သောင်း တိတိ) နှုန်းဖြင့် ၂၆-၁၁-၂၀၂၆ရက်မှ ၂၇-၁၁- ၂၀၂၆ ရက် အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ |
| (င) | ပစ္စည်းကြည့်ရှုခြင်းနှင့် အာမခံစစေါ်ငွေ ပေးသွင်းခြင်း | - လေလံပုံစံဝယ်ယူများသည် ပူးတွဲပါရှိသည့် ပစ္စည်းစာရင်းဖြင့် ကြည့်ရှု၍ လေလံစည်းကမ်းချက်ပါအတိုင်း အာမခံစပေါ်ငွေအား PO Cheque ဖြင့် ၂၇-၁၁-၂၀၂၆ ရက်နှင့် ၃၀-၁၁-၂၀၂၆ ရက်တို့တွင် ရုံးချိန်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။ |

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှုးရုံး၊ ကွဲဆည်ကန် (၁)လမ်းထိပ်၊ ၇ရလမ်းပေါ် ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မန္တလေးမြို့

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)၊ Grade-11 မှ (၁၁) ဦးကျိုးနောင်း၏ သမီးဖြစ်သူ မမိုင်းမေရီလျူးကွိုး၏ အမည်မှန်မှာ မမိုင်းမေရီလျူးကွိုး ၁/ရုကန(နိုင်)၀၈၇၈၂၀ ဖြစ်ပါသည်။

မမိုင်မေရီလျူးကွိုး

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (ဆင်လမ်း)၊ Grade-5 မှ မောင်ခေါ်ခေါ်ဦး၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၉/ပဥလ(နိုင်) ၀၆၀၄၁၆ ဖြစ်ပါသည်။

ဦးလွင်ဦး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကြောင်းအရာပါအရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)။ ဇရာဝတီတိုင်းဒေသကြီးမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း မအူပင်ခရိုင်၊ ခနဖြူမြို့နယ်၊ တမြာလျှပ်စစ်ရေတင်လုပ်ငန်းတွင် နေရောင်ခြည်စွမ်းအင်သုံး Solar Pannel ( ≥ 198 kW) တပ်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်နှင့် အသေးစိတ်အချက် အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**ဖုန်း- 09- 789441962၊ 09- 787926954**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ရေအရင်းအမြစ်)၊ ဇရာဝတီတိုင်းဒေသကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲမှ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်တွင် မြေအသုံးချရေးဓာတ်ခွဲခန်း ပင်မ(၂) ထပ်ဆောင် (၈၀'×၄၁')(၂၅'H) အကြီးစားပြုပြင်ခြင်း (နံရံ၊ မျက်နှာကြက်၊ ကြမ်းခင်း၊ အမိုးပြုပြင်ခြင်းနှင့် ရေလိုင်း၊ မီးလိုင်းများ) ပြင်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံ ရောင်းချမည့်ရက် | - (၂၅-၁၁-၂၀၂၆) ရက်မှ (၈-၁၂-၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | တင်ဒါလျှောက်လွှာပိတ်ရက် | - (၉-၁၂-၂၀၂၆)ရက်၊ (၁၃:၀၀)နာရီ၊ |
| ၅။ | အသေးစိတ်သိရှိလိုပါက | စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ လည်းကောင်း ၊ ဖုန်း-၀၆၇-၃၄၁၀၂၀ ၊ ၀၆၇-၃၄၁၀၅၅ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊
## လမ်းအထူးအဖွဲ့(၃) ကျိုင်းတုံ
## အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၂)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ လမ်းအထူးအဖွဲ့(၃) မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု(ဖြည်စွက်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း ၂၀၀ အထက် လမ်း/တံတားလုပ်ငန်းများ အတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၇ - ၁၁ - ၂၀၂၆ ရက်မှ ၁၃ - ၁၂ - ၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၃) ကျိုင်းတုံ |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/ အချိန် | - ၁၄- ၁၂ - ၂၀၂၆ ရက်၊ ၁၆:၀၀ နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - ၁၅ - ၁၂ - ၂၀၂၆ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံရပ်ရိပ်၊ ကျိုင်းတုံမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့ သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၁၆၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**


**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု၏ ၂၈ ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားဆွေးနွေးပွဲအစီအစဉ်အတိုင်း ဆောက်ပါးဆီးဆဉ်းဆိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နှစ်ပတ်လည်အမှီစင်္ကာပို ၂၈.၁၁.၂၀၂၆ ရက် နေ့ ဖုစတင်၍ NDCG Facebook ၌ တိုက်ရိုက်ထားမည်ဖြစ်ပါသည်။**

**ကျင်းပပြုလုပ်မည့်နေ့/ အချိန် - ၂၇.၁၁.၂၀၂၆(သောကြာနေ့)နံနက် ၁၀:၀၀ နာရီ**
**ကျင်းပပြုလုပ်မည့်နေရာ - NDCG ရုံးချုပ်ခန်းမ**
**ကျင်းပပြုလုပ်မည့်ပုံစံ - Zoom Meeting(Online)**

၂။ အစုရှယ်ယာလွှဲပြောင်းမှု၊ မှတ်ပုံတင်ခြင်းများအပါအဝင် အစုရှင်များဖတ်တမ်းကိုပါ ၂၇.၁၁.၂၀၂၆ နေ့ ဖုစ၍ အစည်းဝေးကျင်းပ ပြုလုပ်သည့်နေ့ ၏ နောက်တစ်နေ့ အထိ ဆက္ကတာရီးယပ်ဖြင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၃။ အစုရှယ်ယာရှင်များဖတ်ရောက်ကြည့်ရှုစားပေးနိုင်ကြပါရန် နှင့် မေးမြန်းအကြံပြုလိုသည်များကို Viber No.09 406 773 469 သို့ ၂၀.၁၁.၂၀၂၆ ရက်နေ့ နောက်ဆုံးထားပေးပို့နိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒါရိုက်တာအဖွဲ့


## ဖခင်အမည်မှန်

ကနဉ်ကြီးထောင့်မြို့နယ်၊ မူလတန်းလွန် သဘော့ချောင်း Grade-5 မှ ခရစ်ယာန်ဘုရင်ကို ၏ ဖခင် အမည်မှန်မှာ ဦးဝင်းထက်ကို ၁၄/ကကထ(နိုင်)၁၄၈၈၆၄ ဖြစ်ပါကြောင်း။

**ဦးဝင်းထက်ကို**

## ပတ်စ်ပို့ပျောက်

ခေါ်ပုံမြို့နယ်၊ အောင်သီတာ လမ်းနေ မောင်အောင်ဝေဖြိုး (၁၁) ဦးခင်မောင်ထွေး ၁/မညန(နိုင်) ၁၃၈၈၅၅၏ နိုင်ငံကူးလက်မှတ် အမှတ် (MI-822421) မှာ ပျောက်ဆုံး သွားပါဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉ ၇၉၄၇၉၄၂၅**

## အမည်ပြောင်း

(၁၁) ဦးနေမိုး၏ သမီး မန္တလေး တိုင်းဒေသကြီး၊ ကျောက်ပန်း တောင်းမြို့၊ အမက (စံပြ) Grade-3 မှ မမိုးသွန်းခ အား ယနေ့မှစ၍ မမိုးသွန်းသံသာ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမိုးသွန်းသံသာ**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ မြန်မာ့ခေတ် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-3 မှ (၁၁) ဦးညန်းထိုက် ၅/ဘတလ(နိုင်) ၀၆၇၆၁၈၏ သမီး ဖြစ်သူ မခင်နှင်းဖြူ၏ အမည်မှန်မှာ မချယ်ရီစံ ဖြစ်ပါသည်။

**မချယ်ရီစံ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (ဆင်လမ်း) Grade-8 မှ မောင်ကျော်ကျော်၏ အမည်မှန်မှာ မောင်ကျော်ကျော်ဦး ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၉/ပဥလ(နိုင်) ၀၆၀၄၁၆ ဖြစ်ပါသည်။

**မောင်ကျော်ကျော်ဦး၊ ဦးလွင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျောက်ထားခြင်း

ယာဉ်အမှတ် 66W/67054, Honda Wave- 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဆဲနေကော် သဘာဝလေးဖောက် ၃/(ကဆက)(နိုင်) ၀၇၁၅၈၁၈ ကုန်းလမ်းမိုဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင် စာအုပ်(က၀-၃) ပျောက်ဆုံး၍ မိတ္တူ လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျောက်ထားခြင်း

ယာဉ်အမှတ် 29W/22619, Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဒဲဦး ၁၂/လကန(နိုင်) ၂၁၈၄၄၈ က ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ် ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင် စာအုပ်(က၀-၃) ပျောက်ဆုံး၍ မိတ္တူ လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ရေချိုစိမ့်စမ်း မခမ်းစေဖို့၊
## သစ်ပင်စိုက်ပျိုး
## ထိန်းသိမ်းစို့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာကြီး

## ဗိုလ်မှူးတင်အောင် (ငြိမ်း) ရေ–၁၀၇၃

### အသက် (၉၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၆/ခ)။ သုခဝတီလမ်းနေ၊ (ဦးမြ–ဒေါ်ပု) တို့၏သား၊ (ဦးအောင်ကိန်း–ဒေါ်သန်းရင်) တို့၏သားသမက်၊ (ဒေါ်ခင်သန်းမော်) @MollyGain) ၏ခင်ပွန်း၊ ဦးဝင်းလွင်)–ဒေါ်ခင်မာသက်)၊ ဦးမျိုးမြင့်အောင်–ဒေါ်ခင်ဝင်းမေ)၊ ဒေါ်တင်ဝိုးအောင်၊ ဒေါ်တင်ခုချစ်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးလင်းလွင်–ဒေါ်တင်မိုးအေး၊ ကိုအောင်မြတ်မျိုး၊ (ကိုသက်ဝင်းလွင်)၊ ကိုသီဟအောင်–မနှင်းဝင်းလွင်၊ ကိုရဲဘုန်းမြင့်–မမြတ်အိန္ဒိအောင်၊ ကိုကောင်း ဇာနည်မိုး၊ မစန္ဒီစုမြတ်မော်၊ ကိုကောင်းသီဟအောင်တို့၏ ချစ်လှစွာသောအဘိုး၊ မမမိုးသက်၊ မောင်ဉာဏ်ထင်း၊ မောင်ကံလင်းလွင်၊ မောင် Eddie မြတ်ဘုန်းသော်တို့၏ ဘိုးဘိုးကြီး ဦးတင်အောင် အသက် (၉၃) နှစ်သည် ၂၃–၁၁–၂၀၂၆ ရက် (တနင်္လာနေ့) ညနေ (၆:၃၀) နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅–၁၁–၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၃:၃၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာကြီး

## ဦးငွေစိုး(မော်လမြိုင်မြို့)

### ဒု–ရဲမှူး(ငြိမ်း) (ငွေစာရင်း)

### အသက် (၈၈)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးတင်လွိုင်–ဒေါ်မြမြ) တို့၏သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးယုခိန်–ဒေါ်ငွေတင်) တို့၏သားသမက်၊ (ဦးလွိုင်ထွန်း)–ဒေါ်ခင်ငွေးငွေး၊ (ဦးထွန်းမင်း–ဒေါ်ခင်သန်းအေး)၊ (ဦးမင်းဟန်–ဒေါ်ဝင်း ကြည်)၊ ဦးအောင်ခေတ်–(ဒေါ်ခင်ခင်ဆွေ)၊ (ဦးဟန်တင့်)–ဒေါ်သန်းစိန်၊ ဦးသန်းစိုး–ဒေါ်စိုးစိုးမြင့်တို့၏အစ်ကိုကြီး၊ (ဒေါ်စန်းစန်း မြင့်)၏ခင်ပွန်း၊ ဦးကျော်ဆင့်–ဒေါ်လှလှိုး၊ ဦးမြင့်သိန်း(နိုင်ငံခြားဝန်ကြီးဌာန (ငြိမ်း))–ဒေါ်သီတာမိုး၊ ဒေါက်တာ ကျော်အောင်ထွန်း–ဒေါက်တာ မာလာစိုး၊ ဦးသန်းထွဋ်–ဒေါ်နန်းယုယုမိုး(ပန်းဈေးဆန်ရောင်းဝယ်ရေး)၊ ဦးရဲထွဋ်–ဒေါ်သီတာ ထွေး (သီတာဖက်ရှင်ကြည့်မြင်တိုင်ညနေစျေး)၊ (ဦးအောင်ဆိုက်စိုး)–ဒေါ်သီသီဆိုးတို့၏ဖခင်၊ မြေး (၉) ယောက်တို့၏အဘိုး ဖြစ်သူသည် အစုခ (၁၄၈၈)၊ စောနာ (၄)လမ်း၊ (၄၃) ရပ်ကွက်၊ မြောက်ဒဂုံစနစ်မိခင်ရေ

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဖူဆယ်အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် ဖူဆယ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ပြီး အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ ကျင်းပသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖

## M League 2026 (U-20) ရာသီပိတ်ပွဲတွင် ဒဂုံစတားယူနိုက်တက်နှင့် Falcon အသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၂၄**

M League 2026 (U–20) အမှတ်ပေးဘောလုံးပြိုင်ပွဲ အပတ်စဉ် (၂၆) ရာသီပိတ်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားယူနိုက်တက်နှင့် Falcon အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရာသီပိတ်ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ဒဂုံစတား ယူနိုက်တက်အတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ညီနိုင်က ပွဲချိန် ၃၀၊ ၃၈၊ ၄၇ နှင့် ၈၈ မိနစ်တို့တွင် လေးဂိုး သွင်းယူခဲ့ပြီး ၆၉ မိနစ်တွင် အောင်ပြည့်ဖြိုးနှင့် ၈၃ မိနစ်တွင် ဆလိုင်းအန့်ဘွေမောင် (OGဂိုး)တို့က သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ✪



## ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက်

*စာမျက်နှာ ၁၅ ကော်လံ ၁* ❍




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

### ယနေ့ ဖတ်ဝရာ

တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

ပြည်တွင်းသတင်း ➢ ၁၃

ထိုင်းနိုင်ငံ၌ ရေကြီးမှုကြောင့် အောက်တိုဘာလ ကားထုတ်လုပ်မှု ၃၅ ရာခိုင်နှုန်းကျော် ကျဆင်း

နိုင်ငံတကာသတင်း ➢ ၁၄

ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝ

ဆောင်းပါး ➢ ၂၂

## မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဘရန့်ဖို့ဒ်က အဲဗာတန်ကို ဂိုးပြတ်အနိုင်ရပြီး အမှတ်ပေးဇယား အဆင့် (၆)သို့ တက်လှမ်းလာ

ပရီမီယာလိဂ်ပွဲစဉ် (၁၁) ပွဲ ကျန်မှ ဘရန့်ဖို့ဒ်နှင့် အဲဗာတန်အသင်းပွဲစဉ်ကို ဂျီတက်ချ်ကွန်မြူနတီကွင်း၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက လေးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရရှိပြီး အမှတ်ပေးဇယား အဆင့် (၆) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၄* ✹

